

PHOTO: NRC

# CHAPTER 4 • 2015
# COORDINATION

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာအမျိုးမျိုးကို ရည်ညွှန်းခြင်း ဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်း နေထိုင်ရာ နေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိက သတင်းအချက်အလက်များ

- စခန်းတွင်း၌ ညှိနှိုင်းဆောင်ရွက်ရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကအကျဆုံး လုပ်ငန်းတာဝန် တစ်ရပ် ဖြစ်သည်။ ညှိနှိုင်းဆောင်ရွက်မှုများမှတစ်ဆင့် လိုအပ်ချက်နှင့် လစ်ဟာမှုများကို ဖော်ထုတ်ခြင်း၊ ထပ်နေသော လုပ်ဆောင်မှုများကို ရှောင်ရှားခြင်း၊ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်း၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ စံနှုန်းများကို လိုက်နာကျင့်သုံးခြင်းနှင့် လူ့အခွင့်အရေး ထိမ်းသိမ်းမှုတို့ကို ဆောင်ရွက်ပြီးမြောက် စေနိုင်သည်။
- စခန်းတွင် ပါဝင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအားလုံးနှင့် ထိရောက်သည့် မိတ်ဖက်ဖွဲ့စည်းမှုကို တည်ထောင်ထိန်းသိမ်းထားနိုင်ခြင်းသည် ညှိနှိုင်းဆောင်ရွက်ရေးကို အထောက်အကူပြုပြီး၊ စခန်းလူထု အတွက် အထောက်အပံ့နှင့် ကာကွယ်စောင့်ရှောက်မှုများကိုလည်း ရရှိစေသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီက စခန်းအဆင့်၌ အောင်မြင်စွာ ညှိနှိုင်းဆောင်ရွက်သည်ဆိုရာတွင် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများအားလုံးကို ပါဝင်စေခြင်းပင် ဖြစ်သည်။ ၎င်းတို့မှာ ဒေသအာဏာပိုင်များ၊ ဝန်ဆောင်မှုအဖွဲ့အစည်းများ၊ ဒေသခံလူထု၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် အဓိကအကျဆုံးဖြစ်သော စခန်းလူထုတို့ ပါဝင်ကြသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းညှိနှိုင်းစီမံခန့်ခွဲမှုဆိုင်ရာ အစုအဖွဲ့/ကဏ္ဍ ဦးဆောင်အဖွဲ့အစည်း၏ စခန်းများအကြား သို့မဟုတ် ဒေသအဆင့် ညှိနှိုင်းဆောင်ရွက်မှုများ၌ တက်ကြွစွာ ပါဝင်ရမည်။ စခန်းအဆင့်တွင် ဖြေရှင်း၍ မရနိုင်သော ကိစ္စရပ်များကို စခန်းပေါင်းစုံအဆင့် သို့မဟုတ် ဒေသအဆင့်သို့ လွှဲပြောင်းပေးရသည်။ ထိုအဆင့်တွင် စခန်းအဆင့်ရှိ ပါဝင်ပတ်သက်သော အဖွဲ့အစည်းများအပြင် ပြည်ပအစိုးရများ၊ အလှူရှင်များ၊ စစ်တပ်နှင့် ဒေသ အဆင့်/နိုင်ငံအဆင့် အာဏာပိုင်အဖွဲ့အစည်းများ ပါဝင်နိုင်သည်။ လက်တွေ့တွင်မူ အဖွဲ့အစည်းများ၏ ပတ်သက်ပါဝင်မှုမှာ သက်ဆိုင်ရာ နောက်ခံအခြေအနေအပေါ် မူတည်ပေသည်။
- အောင်မြင်သော မိတ်ဖက်ဖွဲ့စည်းမှုမှတစ်ဆင့် အောင်မြင်သော ညှိနှိုင်းဆောင်ရွက်မှုသည် သဘောထား၊ ကျွမ်းကျင်မှု၊ ကောင်းမွန်သော ခေါင်းဆောင်မှု၊ ရှင်းလင်းပြီး ပွင့်လင်းမြင်သာသောဆက်ဆံရေး၊ အများ သဘောတူညီချက် ရရှိအောင် ဆောင်ရွက်နိုင်ခြင်းနှင့် ယုံကြည်မှုတည်ဆောက်နိုင်ခြင်းတို့အပေါ်တွင် မူတည်နေသည်။ အောင်မြင်သောညှိနှိုင်းဆောင်ရွက်မှုက စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် ပြည့်စုံသော လုပ်ငန်းဆောင်ရွက်မှုများကို စီစဉ်ပြီးမြောက်စေနိုင်ခြင်း၊ အရေးကြီးသော ဆက်သွယ်မှုများကို ဖော်ထုတ် ချိတ်ဆက်နိုင်ခြင်း၊ ပြဿနာဖြေရှင်းရန်အတွက် ပိုမိုကောင်းမွန်သော နည်းလမ်းအသစ်များကို ရှာဖွေနိုင်ခြင်း၊ မတူညီသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ အချင်းချင်း ဖြည့်စွက်ဖြည့်ဆည်းပေးနိုင်သော ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များကို ချိတ်ဆက်ပေးနိုင်ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။
- ထိရောက်သော ညှိနှိုင်းဆောင်ရွက်ခြင်းတစ်ခုတွင် ယုံကြည်ကိုးစားရပြီး အချိန်နှင့်တပြေးညီဖြစ်သော ကဏ္ဍစုံပါဝင်သည့် သတင်းအချက်အလက်များကို အခြေခံရသည်။ ထိုသတင်းအချက်အလက်များကြောင့် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများအားလုံးအနေနှင့် စခန်းတွင်းရှိ အုပ်စုများ၏ လိုအပ်ချက် အသီးသီးကို ဆန်းစစ်သိရှိနိုင်မည်ဖြစ်ပြီး လိုအပ်သော ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။
- ညှိနှိုင်းဆောင်ရွက်မှု စတင်သည့်အခါ စခန်းလူထုနှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဝန်ဆောင်မှုပေးသူများ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအဆင့် အစုအဖွဲ့၊ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့များလည်း ပါဝင်အောင်ထည့်သွင်းသည်။ ထိရောက်သော ရလဒ်များ ရလာစေရန်အတွက် ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းအားလုံးက ရရှိလာမည့်အကျိုးအမြတ်များအပေါ် ယုံကြည်ခြင်း၊ လုပ်ဆောင်ရမည့် အစီအစဉ်များအပေါ် တာဝန်ယူမှုရှိခြင်းနှင့် အဆင့်တိုင်းတွင် နေရပ်စွန့်ခွာရသူများ၏ လိုအပ်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို ကိုယ်စားပြုဖော်ပြနိုင်ရန် ဦးစားပေးခြင်း စသည့်အချက်များ လိုအပ်သည်။

မိတ်ဆက်

## ညှိနှိုင်းဆောင်ရွက်ခြင်းဆိုသည်မှာ အဘယ်နည်း၊ အဘယ့်ကြောင့်လိုအပ်သနည်း

ညှိနှိုင်းဆောင်ရွက်ခြင်းဆိုသည်မှာ အပြန်အလှန် သဘောတူညီထားပြီးသော ရည်မှန်းချက်ပန်းတိုင်များ ရရှိရန်အလို့ငှာ သတင်းအချက်အလက်များကို မျှဝေခြင်းနှင့် အစီအစဉ်များ အတူတကွရေးဆွဲခြင်းကို ဆိုလိုသည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ ရည်မှန်းချက်မှာ စခန်းလူထုအတွက် အထောက်အပံ့နှင့် ကာကွယ် စောင့်ရှောက်မှုများ ပေးအပ်ရာတွင် ထိရောက်မှုနှင့် တာဝန်ခံယူမှုကို အာမခံနိုင်စေရန်အတွက်ဖြစ်သည်။ စခန်းတွင်းရှိ လူနေမှုအဆင့် စံနှုန်းများကို ထိန်းသိမ်းရမည့်အပြင် စခန်းနေသူများအတွက် အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝနှင့် တန်းတူရရှိစေရန် ဆောင်ရွက်ပေးရမည်။

လက်တွေ့အခြေအနေတွင် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် စိန်ခေါ်မှုများစွာရှိနိုင်သည်။ အထူးသဖြင့် ပဋိပက္ခနှင့် ဘေးအန္တရာယ်အခြေအနေများတွင် ပိုမိုခက်ခဲနိုင်သည်။ ယင်းအခြေအနေများတွင် အများအားဖြင့် ရှုပ်ထွေးမှုများနှင့် မရေရာမှုများ ရှိနေနိုင်ပြီး ပါဝင်သက်ဆိုင်သောအဖွဲ့အစည်းများ၏ မတူညီသော လုပ်ငန်းစဉ် များကြောင့် ပူးပေါင်းဆောင်ရွက်ရေးကို အနှောက်အယှက် ဖြစ်စေနိုင်သည်။

ညှိနှိုင်းဆောင်ရွက်ခြင်းသည် စခန်းများအကြား၊ ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံအဆင့်တို့တွင်လည်းရှိနိုင်သည်။ အဖွဲ့အစည်း ပေါင်းစုံ အမြဲတမ်းကော်မတီ (IASC) ၏ လမ်းညွှန်စာတမ်းတစ်ခုဖြစ်သော "နိုင်ငံအာဏာပိုင်များနှင့် လုပ်ငန်းဆောင်ရွက်ခြင်း" (Working with National Authorities) တွင် ပြည်တွင်းနေရပ်စွန့်ခွာရသည့် အခြေအနေများကို စုံစမ်းဖော်ထုတ်ရေးတွင် ညှိနှိုင်းဆောင်ရွက်ခြင်းကို နိုင်ငံအဆင့် အာဏာပိုင်အဖွဲ့အစည်းများက ဦးဆောင်ရန်ဖော်ပြထားသည်။ အကယ်၍ နိုင်ငံအာဏာပိုင်များတွင် စွမ်းဆောင်ရည်၊ အရင်းအမြစ်နှင့် ရောက်ရှိနိုင်မှု အခက်အခဲများ ရှိနေပါက ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူး၊ အစုအဖွဲ့ဦးဆောင်အေဂျင်စီများနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းရေးရုံး (OCHA) တို့အား တုံ့ပြန်ဆောင်ရွက်မှုများအတွက် ညှိနှိုင်းဆောင်ရွက်ရေးအတွက် ပံ့ပိုးပေးရန် တောင်းဆိုနိုင်သည်။ နိုင်ငံဖြတ် ကျော် ဒုက္ခသည်များကိစ္စတွင်မူ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာအဖွဲ့အစည်း (UNHCR) က စခန်းအဆင့် ညှိနှိုင်းဆောင်ရွက်ရေးကို အဓိကတာဝန်ယူဆောင်ရွက်သည်။

### လစ်ဟာချက်များနှင့် လုပ်ငန်းများ ထပ်နေခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် တိုးတက်ကောင်းမွန်စေသည်။

"ယနေ့ဖြစ်ပွားနေသော ရှုပ်ထွေးသည့် အရေးပေါ်အခြေအနေများ၊ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများကြောင့်ဖြစ်လာသည့် လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များက လုပ်ငန်းဆောင်ရွက်ရန်အတွက် စိန်ခေါ်မှုများကို တိုးပွားစေပါသည်။ လူသားချင်းစာနာထောက်ထားမှုအတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းပေါင်းစုံ တည်ရှိနေပြီး ၄င်းတို့၌ရှိသော အရင်းအမြစ်များကို ရယူအသုံးချနိုင်ပါက ထိခိုက်ခံရသောလူထုအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေနိုင်ပေလိမ့်မည်။ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ခံစားရသော အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်များကို ကူညီထောက်ပံ့ရာတွင် ဖြစ်ပေါ်တတ်သော လစ်ဟာမှုနှင့် လုပ်ဆောင်မှုများ ထပ်နေခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကွင်းဆင်းဆောင်ရွက်မှုများတွင် လိုအပ်ချက်အလိုက် မိတ်ဖက်ဖွဲ့ခြင်း တို့ဖြင့် ရှောင်ရှားနိုင်ပေမည်။

(ဒု-ဉက္ကဋ္ဌ နိုင်ငံတကာကြက်ခြေနီ ကော်မတီမှ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားသောမိန့်ခွန်း- နိုဝင်ဘာ ၁၁၊ ၂၀၀၈)

စခန်းစီမံခန့်ခွဲမှုဝန်ထမ်းများအနေဖြင့် သတိပြုရမည်မှာ အောင်မြင်သော ညှိနှိုင်းဆောင်ရွက်မှု ဖြစ်စဉ်များအတွက် နိုင်ငံအဆင့် အာဏာပိုင်အဖွဲ့အစည်းများ၊ စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲမှုဆိုင်ရာ အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီများ၊ ဝန်ဆောင်မှုပေးသူများ၊ စခန်းလူထုနှင့် ဒေသခံများ စသဖြင့် မတူညီသော အဖွဲ့အစည်းများ အကြား ပွင့်လင်းမြင်သာမှုအမြဲရှိခြင်းနှင့် ထိရောက်သော မိတ်ဖက်ဖွဲ့ခြင်းများကို ထူထောင်ထိန်းသိမ်းရန် လိုအပ်ပါသည်။

## အဓိက အရေးကိစ္စများ

## အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

စခန်းစီမံခန့်ခွဲမှုအဖွဲ့၏ ရည်ရွယ်ချက်မှာ အခန်း(၁) စခန်းစီမံခန့်ခွဲခြင်းအကြောင်းနှင့် အခန်း (၂) အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများတွင် ဆွေးနွေးထားသကဲ့သို့ စခန်းလူထုအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီပံ့ပိုးမှုများကို ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများ၊ စံနှုန်းများနှင့်အညီ ပေးအပ်ရာတွင် ထိရောက်အကျိုးရှိပြီး တာဝန်ခံယူမှုရှိကြောင်း သေချာစေရန် ဖြစ်ပါသည်။ ဤသို့လုပ်ဆောင်ရန်အတွက် ပါဝင်သူအားလုံး၏ လုပ်ငန်းများအား ညှိနှိုင်းပံ့ပိုးပေးသည့် လုပ်ငန်းစဉ်ကို လိုအပ်ပါသည်။ ညှိနှိုင်းဆောင်ရွက်ရေးမှာ စဉ်ဆက်မပြတ်ဆောင်ရွက်ရသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ၎င်းသည် စခန်းဘဝစက်ဝန်းတစ်လျှောက် များသောအားဖြင့် မျှော်လင့်မထားနိုင်သည့် အခြေအနေပြောင်းလဲမှုများအား ထင်ဟပ်၍ လှုပ်ရှားတက်ကြွစွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်သည့် ဖြစ်စဉ်ဖြစ်ရန်လိုအပ်ပါသည်။

ရွှေ့ပြောင်းနေထိုင်ရသူများ၏ အခွင့်အရေးများအား ထိန်းသိမ်းပေးပြီး နိုင်ငံတကာစံနှုန်းများ၊ ဥပဒေများနှင့် ကိုက်ညီကာ မတူညီသော အဖွဲ့အစည်းများအကြား အားလုံးသဘောတူလက်ခံနိုင်သည့် ရည်မှန်းချက်ပန်းတိုင်များ ချမှတ်နိုင်ရန်မှာ အမှန်ပင် ရှုပ်ထွေးလှပေမည်။ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် ဖြေရှင်းနည်းအသစ်များကို ဖန်တီးကာ၊ ရှင်းလင်းပြီး လိမ္မာပါးနပ်သော ဆက်သွယ်ရေးကို ထူထောင်၍ သက်ဆိုင်သူအားလုံးနှင့်အတူ ဦးစားပေးသတ်မှတ်ခြင်းနှင့် သင့်လျော်သောလုပ်ငန်းများ ချမှတ်ခြင်းတို့ကို ပြုလုပ်ရပါမည်။ စခန်းလူထုနှင့် ဒေသခံတို့၏ လိုအပ်ချက်များအရ အမှန်တကယ် ကူညီပေးနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် မိတ်ဖက်ဆောင်ရွက်မှုဆိုင်ရာ သဘောတရားများနှင့် သီးခြားလိုအပ်ချက်ရှိသူများအား ကာကွယ်စောင့်ရှောက်ပေးမှုတို့ကို ထည့်သွင်းစဉ်းစားကြောင်း သေချာစေရမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် စခန်းရှိစံနှုန်းများနှင့် လုပ်ငန်းများမှာ စခန်းလုပ်ငန်းများ တုံ့ပြန်ဆောင်ရွက်ပေးမှုဆိုင်ရာ ပိုမိုကျယ်ပြန့်သည့် နည်းဗျူဟာအလိုက် ဆောင်ရွက်ပေးနိုင်ရန် စခန်းများစွာအတွက် စောင့်ကြည့်ကြီးကြပ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်ပေးနေသော စခန်းညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစုအဖွဲ့၊ကဏ္ဍ၏ ဦးဆောင်အဖွဲ့အစည်းနှင့်အတူ နီးကပ်စွာ တွဲဖက်လုပ်ဆောင်ရပေမည်။

ပါဝင်ပတ်သက်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကတာဝန်များကို အောက်ပါအတိုင်း အကျဉ်းချုပ် ဖေါ်ပြနိုင်သည်။

- ➔ စခန်းတွင်းရှိ ကိစ္စရပ်အားလုံးတွင် ပင်မအဖွဲ့အဖြစ် တာဝန်ယူခြင်း
- ➔ စခန်းလူဦးရေနှင့်ပတ်သက်သည့် လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်း။
- ➔ ပါဝင်ပတ်သက်သူများအားလုံး၏ (မည်သူ၊ မည်သည့်၊ မည်သည့်နေရာ) အချက်အလက်မြေပုံထုတ်ခြင်း နှင့် ရှင်းလင်းပြီး သဘောတူညီထားသော တာဝန်ခွဲဝေမှု ဖြစ်လာစေရန် ပံ့ပိုးခြင်း။
- ➔ နိုင်ငံအာဏာပိုင်အဖွဲ့ (စခန်းအဆင့် စီမံအုပ်ချုပ်မှု) နှင့် ပွင့်လင်းသော ဆက်ဆံရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေး လမ်းကြောင်းများကို ထိမ်းသိမ်းခြင်း။
- ➔ မိတ်ဖက်ဆောင်ရွက်မှု သဘောတရားများအရ အားပေးမြှင့်တင်ခြင်းနှင့် လုပ်ဆောင်ခြင်း။
- ➔ စခန်း ဘဝစက်ဝန်းတစ်လျှောက် ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့ခြင်းများအတွက် နည်းဗျူဟာကျ အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းများကို သေချာစေခြင်း။
- ➔ အကူအညီများနှင့် ဝန်ဆောင်မှုများပေးရာတွင် လစ်ဟာချက်များနှင့် ထပ်တူဆောင်ရွက်နေမှုများကို ဖော်ထုတ်ပြီး ဖြေရှင်းဆောင်ရွက်ပေးခြင်း
- ➔ ရွေးကောက်တင်မြှောက်ခြင်း၊ စခန်းလူထုမှ ကိုယ်စားပြုပါဝင်ခြင်းနှင့် စခန်းကော်မတီများဖွဲ့ခြင်းတို့ ပါဝင်သည့် စခန်းစီမံအုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်ခြင်းဖြင့် စခန်းလူထုနှင့် ဒေသခံများအား လုံ့ဆော်စည်းရုံးကာ ပါဝင်ဆောင်ရွက်စေခြင်း
- ➔ စခန်းတွင်း ဆောင်ရွက်သမျှ လုပ်ငန်းများတွင် အသက်၊ ကျားမကဏ္ဍ နှင့် ကွဲပြားခြားနားမှုများကို ထည့်သွင်း စဉ်းစားသည့် နည်းလမ်း (AGDM) ဖြင့် အကောင်အထည်ဖော်ခြင်း။
- ➔ တာဝန်ခံယူမှုကို အားပေးမြှင့်တင်ရန်အတွက် မကျေနပ်မှုများ သတင်းပို့တင်ပြနိုင်ရန်နှင့် သဘောထား တုံ့ပြန်ချက်များ

ပေးနိုင်ရန် အစီအမံများ ထားရှိခြင်း။

- စံနှုန်းများအား လေးစားလိုက်နာ၍ စခန်းရှိ အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန် သေချာစေခြင်း။
- စခန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသခံလူထုများ ပါဝင်မှုနှင့် ကောင်းမွန်သောဆက်ဆံရေးကို ထူထောင်ခြင်း။
- စခန်းအဆင့်၌ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သောအကူအညီများနှင့် ဆက်နွယ်ပြီး စခန်း ညှိနှိုင်းရေးနှင့် စခန်းစီမံခန့်ခွဲမှု အစုအဖွဲ့၊ကဏ္ဍ ဦးဆောင်အဖွဲ့ အစည်းများနှင့် ပွင့်လင်းသောဆက်ဆံရေး တည်ဆောက်ခြင်း။
- စခန်းလူထုအတွက် ဆောင်ရွက်သည့် လုပ်ငန်းအားလုံးသည် ရေရှည်တည်တံ့သော ဖြေရှင်းချက်များ ရှာဖွေမှုအား ထင်ဟပ်မှုရှိခြင်း

☛ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်များကို ပိုမိုသိလိုပါက - အခန်း(၂) အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ - တွင် အသေးစိတ် ဖော်ပြထားပါသည်။

စခန်းလူထု၏ လူ့အခွင့်အရေးနှင့် လိုအပ်ချက်အားလုံးကို ပြည့်မီအောင်အကောင်အထည်ဖော်ရန် လုံလောက်သော စွမ်းဆောင်ရည်ရှိပါက နိုင်ငံအာဏာပိုင်အဖွဲ့များနှင့် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစနစ်အောက်ရှိ ပြည်တွင်း မိတ်ဖက်အဖွဲ့များသည်၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ တာဝန်ကို ထမ်းဆောင်နိုင်သည်။ ထိုအခါ လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများ၏ အခန်းကဏ္ဍမှာ နိုင်ငံအာဏာပိုင်များအား ကူညီပံ့ပိုးပေးရန်ဖြစ်သည်။ ထိုသို့သောအနေအထားတွင် လူသားချင်း စာနာထောက်ထားမှုအသိုက်အဝန်းနှင့် အစိုးရများအနေဖြင့် ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ လစ်ဟာချက်များကို အတူ ဖော်ထုတ်ပြီး ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ပေမည်။ အချို့သော ကိစ္စရပ်များတွင် ဒေသအဆင့်နှင့် နိုင်ငံတကာ အဖွဲ့များ၏ စွမ်းဆောင်ရည်ကို ပူးပေါင်းရန် ပူးတွဲဦးဆောင်သော စီမံ ဆောင်ရွက်မှုများလည်း ရှိနိုင်ပါသည်။

### စုစည်းနေထိုင်ရာနေရာများနှင့် စခန်းများ

နေထိုင်စရာများ ပေးအပ်ရာတွင် စုစည်းနေထိုင်ရာနေရာများနှင့် စခန်းများသည် ဂန်းကျင်ရပ်ရွာ လူထုနှင့် နီးကပ်မှု၊ ရွှေ့ပြောင်းလာရသည့် အတွေ့အကြုံ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ခံအခြေအနေ စသည်တို့အပေါ် မူတည်၍ များစွာခြားနားနိုင်ပါသည်။ စုစည်းနေထိုင်ရာနေရာများသည် ပညာရေးနှင့် ဘာသာရေးအဖွဲ့အစည်းများအတွက် (သို့) အများပြည်သူအတွက် သတ်မှတ်ထားသော အဆောက်အအုံဖြစ်လေ့ရှိသည်။ ဒုက္ခသည် သို့မဟုတ် နေရပ်စွန့်ခွာ နေထိုင်ရသူများအတွက် စခန်းများ တည်ထောင်လေ့ရှိသည့် ကွင်းများမှာ ရပ်ရွာအစွန်အဖျား သို့မဟုတ် ဝေးလံဒေသ များတွင် ရှိတတ်သည်။

မည်သို့ပင်ဖြစ်စေ တူညီမှုများစွာလည်း ရှိနိုင်ပါသည်။ ဒုက္ခသည် သို့မဟုတ် နေရပ်စွန့်ခွာရသူများ၏ စခန်းနှင့် စုစည်း နေထိုင်ရာနေရာများ တည်ရှိသည့်မြေနှင့် အဆောက်အဦပစ္စည်းများမှာ ပုဂ္ဂလိကပိုင် သို့မဟုတ် ပြည်သူပိုင် ဖြစ်လိမ့်မည်။ ထိုနေရာများတွင် မူလပိုင်ဆိုင်သူ၊ အသုံးပြုနေသူစသည့် ပတ်သက်သူများ ရှိနေတတ်ပြီး ၎င်းတို့အတွက် ရွှေ့ပြောင်းမှုမတိုင် ခင်ကသော်၎င်း၊ စတင်စဉ်ကသော်၎င်း တုံ့ပြန်ကူညီပေးရန် အစီအမံများရှိပြီး ဖြစ်တတ်သည်။ ပါဝင်ပတ်သက်သူအားလုံးက ဤအခြေအနေအတွင်း၌သာ ဆောင်ရွက်ရပါမည်။ ညှိနှိုင်းဆောင်ရွက်ခြင်းသည် ပုံမှန်စခန်းမျိုးတွင် လိုအပ်သကဲ့သို့ စုစည်း နေထိုင်ရာနေရာများတွင်လည်း အရေးကြီးပါသည်။

☛ စခန်းစီမံအုပ်ချုပ်မှု စခန်းညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စခန်းစီမံခန့်ခွဲမှုတို့၏ တာဝန်နှင့်ဝတ္တရားများအကြောင်းကို ပိုမို သိရှိ လိုပါက အခန်း(၁) စခန်းစီမံခန့်ခွဲမှုအကြောင်းတွင် - ကြည့်နိုင်ပါသည်။

## မိတ်ဖက်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

### ညှိနှိုင်းဆောင်ရွက်ခြင်းကို မည်ကဲ့သို့ အထမြောက်အောင် ဆောင်ရွက်မည်နည်း။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စည်းရုံးရေး ပင်မအဖွဲ့အနေနှင့် လူသားချင်းစာနာထောက်ထားမှုနှင့် စခန်းလုပ်ငန်းများ အား အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း စသည်တို့၌ အားလုံးပါဝင်စေ၍ အဖွဲ့လိုက်

ဆောင်ရွက်စေရန် စည်းရုံးဆောင်ရွက်ရမည်။ ညှိနှိုင်းဆောင်ရွက်မှုဖိုရမ်နှင့် ယန္တရားများတွင် စခန်းအတွင်းနှင့် အပြင်ရှိ အလွှာအသီးသီးမှ ပတ်သက်သူအားလုံးကို ပါဝင်လာစေရမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ တာဝန်ယူသည့် အချိန်တွင်ရှိနေသည့် စခန်း၏ ဘဝစက်ဝန်းအဆင့်ပေါ် မူတည်ပြီး လက်ရှိဖွဲ့စည်းတည်ရှိမှုများကို ဖော်ထုတ်ပြီး ကောင်းစွာလည်ပတ်နေသော လုပ်ငန်းများအပေါ် အခြေပြုကာ လိုအပ်လစ်ဟာသည့်နေရာများအတွက် အစပြုလုပ်ဆောင်ရပေမည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အရေးကြီးသောကဏ္ဍမှာ ညှိနှိုင်းဆောင်ရွက်မှု ဖြစ်စဉ်တစ်ခုလုံးကို အားလုံးသိရှိနားလည်ပြီး ပါဝင်လာအောင် လုပ်ဆောင်ရန်ဖြစ်သည်။ အကယ်၍ အဓိကတာဝန်ရှိသူတစ်ဦးဦးသည် အစည်းအဝေး ပျက်ကွက်ခြင်းနှင့် တစ်ဦးတည်း သီးခြားလုပ်ဆောင်ခြင်း စသဖြင့် မူလသဘောတူထားသကဲ့သို့ မလုပ်ဆောင်ခဲ့လျှင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအဖို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တစ်ပြေးညီ ထောက်ပံ့ကူညီရေးနှင့် ကာကွယ် ပေးရေးတို့တွင် အဖြေဖြေး အခက်အခဲရှိလာနိုင်ပါသည်။ ညှိနှိုင်းဆောင်ရွက်မှု အထမြောက်စေရန် စခန်းစီမံခန့်ခွဲမှု အေဂျင်စီအနေဖြင့် ပါဝင်ပတ်သက်သူများအားလုံးမှ လက်ခံလာစေရန်နှင့် အချင်းချင်းဆက်သွယ်ပြောဆိုမှုများရှိရန် သေချာစေရမည်။ ဤသို့ လုပ်ဆောင်မှသာလျှင် ညှိနှိုင်းအစည်းအဝေးများကို သတင်းဖြန့်ချိရေး အစည်းအဝေးမျှသာ မကပဲ ဆုံးဖြတ်ချက်ချမှတ်နိုင်သော ဖိုရမ် ဖြစ်စေလိမ့်မည်။

### ဦးဆောင်မှုအတွက် မေးခွန်း

ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုအတွက် ဦးဆောင်မှုလိုအပ်ပါသည်။ စခန်းအဆင့်တွင် ဦးဆောင်မှုအခန်းကဏ္ဍကို တာဝန်ယူရာ၌ စခန်းတွင်းရှိ အေဂျင်စီအသီးသီးမှ တာဝန်ခံယူမှု ရှိစေခြင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုယန္တရားရှိနေပြီး ကောင်းစွာလည်ပတ်နေကြောင်း စောင့်ကြည့်ကြီးကြပ်မှုများ ပါဝင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအပေါ် ယုံကြည်မှုရှိခြင်းသည် အစုအဖွဲ့၊ကဏ္ဍ ဦးဆောင်အဖွဲ့အစည်း အေဂျင်စီတို့၏ ပံ့ပိုးမှုသာမကပဲ သက်ဆိုင်သူအားလုံး၏ ပံ့ပိုးမှု ကိုလည်းလိုအပ်ပါသည်။ ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် အဓိကစိန်ခေါ်မှုမှာ အများပါဝင်မှုကို မူအားဖြင့် လက်ခံသော်လည်း လက်တွေ့လုပ်ဆောင်ရာတွင်မူ အခြားသူများမှ ဝေဖန်အကြံပြုခြင်းထက် မိမိသဘောအတိုင်းသာ လုပ်ဆောင်လိုတတ်ကြခြင်းဖြစ်သည်။

ထို့ကြောင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဖြစ်မြောက်စေရန် ဦးဆောင်သူအား လုပ်ပိုင်ခွင့်ပေးရန် တောင်းဆိုမှု သို့မဟုတ် ခွင့်ပြုပေးမှု ရှိရမည်။ ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် သဘောတူထားသည့် အစီအစဉ်၊ လုပ်ထုံးလုပ်နည်းများအတိုင်း ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့အတွင်း ပါဝင်သူများအားလုံး၏ ယုံကြည်ကိုးစားမှုကို လိုအပ်ပါသည်။

ဦးဆောင်မှု တည်တန့်စေရန်နှင့် တာဝန်ခံယူမှုရှိစေရန်အတွက် အကြံပြုချက်များ၊ မကျေနပ်ချက် တိုင်တန်းမှုများအား လက်ခံရန်အစီအမံနှင့် ပြုပြင်ပြောင်းလဲမှုတို့ ရှိရမည်။ ထိရောက်သော ညှိနှိုင်းဆောင်ရွက်ခြင်းသည် သဘာဝအားဖြင့် ညှိနှိုင်းဆောင်ရွက်လိုသူများအတွက် လိုအပ်ချက်ကို ပြည့်မီစေပြီး တက်ကြွလှုပ်ရှား၍ အခြေအနေအလိုက် လွယ်ကူစွာ ပြုပြင်ပြောင်းလဲပေးနိုင်ရန် လိုပါသည်။

အောက်ပါပုံသည် စခန်းအတွင်းနှင့် စခန်းတစ်ခုနှင့်တစ်ခုအကြား ဆက်နွယ်နေသော စခန်းများ ညှိနှိုင်းဆောင်ရွက်မှုအတွက် အဓိက သက်ဝင်လှုပ်ရှား လည်ပတ်နေသော လုပ်ငန်း (၃)ခုကို ဥပမာအဖြစ် ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤလုပ်ငန်းသုံးခုမှာ အစဉ်အလာအရ စခန်းစီမံခန့်ခွဲမှု၊ စခန်းအုပ်ချုပ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်မှု အေဂျင်စီတို့ ဖြစ်ကြပါသည်။ အခြေခံအားဖြင့် နိုင်ငံအာဏာပိုင်အဖွဲ့က ဤလုပ်ငန်း ၃ မျိုးလုံးကို တာဝန်ယူဆောင်ရွက်နိုင်ပြီး UNHCR, IOM နှင့် ပြည်တွင်းနှင့် နိုင်ငံတကာအဆင့် အဖွဲ့အစည်းများအနေဖြင့် ဤလုပ်ငန်း ၂ မျိုးထက်ပို၍ (စခန်း ညှိနှိုင်းဆောင်ရွက်မှု နှင့် စခန်းစီမံခန့်ခွဲမှုမှ လွဲ၍) တာဝန်မယူနိုင်ပါ။

ပါဝင်ပတ်သက်သူများမှာ နေရာဒေသအရ သော်၎င်း၊ အခြေအနေနှင့် လိုအပ်ချက်အရသော်၎င်း ကွဲပြားနိုင်သည်။ ယေဘုယျအားဖြင့် စခန်းလူထု၊ ဒေသခံများ၊ ဝန်ဆောင်မှုပေးသူများနှင့် ဒေသန္တရအာဏာပိုင်များ ဖြစ်ကြသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ မဖြေရှင်းနိုင်သော ကိစ္စရပ်များကို ဒေသအဆင့် သို့မဟုတ် နိုင်ငံအဆင့်တွင် အစုအဖွဲ့၊ ကဏ္ဍ ဦးဆောင်သူများမှ ဖြေရှင်းရပေမည်။ ထို့အတွက် အထက်အောက် တာဝန်ခံမှုစနစ်တစ်ရပ် လိုအပ်ပါသည်။

# ညှိနှိုင်းဆောင်ရွက်မှုပုံစံ


စခန်းအုပ်ချုပ်ရေး
နိုင်ငံနှင့် ဒေသအဆင့်
အာဏာပိုင်အဖွဲ့များ
စခန်းညှိနှိုင်းဆောင်ရွက်ရေး
နိုင်ငံနှင့်ဒေသအဆင့် အစုအဖွဲ့၊
ကဏ္ဍ ဦးဆောင်သူ
နိုင်ငံအာဏာပိုင်များ (သို့)
နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ၊
ပဋိပက္ခ ခံစားရသူများအတွက် UNHCR
သဘာဝဘေးအန္တရာယ်
ထိခိုက်ခံရသူ များအတွက် IOM
စခန်းစီမံခန့်ခွဲမှု
စခန်းရှိ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၊
နိုင်ငံ အာဏာပိုင် အဖွဲ့အစည်း (သို့)
(INGO)
ညှိနှိုင်းဆောင်ရွက်ခြင်း
စခန်းအဆင့်ရှိ
စီမံခန့်ခွဲမှုအေဂျင်စီ
ဒေသ
အစိုးရအဖွဲ့
စခန်းလူထု
ကိုယ်စားလှယ်
စခန်းမန်နေဂျာ
ဝန်ဆောင်မှု
ပေးသူများ
ဒေသခံ
ကိုယ်စားလှယ်များ
ကျန်းမာရေး
ကော်မတီ
ရေနှင့်သန့်ရှင်းရေး
ကော်မတီ
အမျိုးသမီး
ကော်မတီ
သက်ရွယ်ကြီးသူ
များကော်မတီ
လူငယ်ကော်မတီ
အခြား
ကော်မတီများ

### လက်ရှိ တည်ရှိသည့်ပုံစံအပေါ် ဖွဲ့စည်းတည်ဆောက်ခြင်း

အရေးပေါ်အတွက် တုံ့ပြန်ဆောင်ရွက်ရာတွင် လက်ရှိဆောင်ရွက်နေသည့်ပုံစံအပေါ်အခြေခံပြီး ဖွဲ့စည်းခြင်းက အသစ်ဖွဲ့စည်းခြင်းထက် ပိုသင့်တော်ပါသည်။ အခြားနိုင်ငံများတွင် နိုင်ငံအာဏာပိုင်များကိုယ်တိုင် ဦးဆောင်ပါဝင်သော အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုစနစ်အပြင် ကဏ္ဍအလိုက်အဖွဲ့များ ဖွဲ့စည်းထားပါသည်။ လူသားချင်း စာနာထောက်ထားမှု အေဂျင်စီများ၏ကဏ္ဍမှာ လိုအပ်သည့်အချက်များကို ပံ့ပိုးအားဖြည့်ပေးရေးသာ ဖြစ်ပါသည်။

## မည်သည့် ညှိနှိုင်းဆောင်ရွက်မှုများ လိုအပ်ပါသလဲ

ထိရောက်သော ညှိနှိုင်းဆောင်ရွက်ရေးသည် ကဏ္ဍစုံ၊ ချိတ်ဆက်မှုပေါင်းစုံ ပါဝင်ရန်လိုအပ်သလို နည်းဗျူဟာကျ ညှိနှိုင်းဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်ခြင်းတို့ကို တွဲဖက်လုပ်ဆောင်သည့် နည်းလမ်းကိုလည်း သိမှတ်ရန် အရေးကြီးပါသည်။

စခန်းသို့ လာရောက်လိုသည့် အဖွဲ့များအနေဖြင့် စခန်းလူထု၏ ခံစားရမှုများ လျော့ပါးစေရန်နှင့် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် တူညီစွာ ရည်ရွယ်ချက် ရှိကြသည်။ သို့သော် အဖွဲ့အစည်းများအတွင်း ဖွဲ့စည်းပုံ၊ နည်းပညာနှင့် ဒေသအလိုက် နှံ့စပ်ကျွမ်းကျင်မှု၊ ရည်မှန်းချက်၊ ခွင့်ပြုချက်ရရှိမှု နှင့် နိုင်ငံရေး စိတ်ဝင်စားမှုအခြေအနေတို့အပေါ် မူတည်ပြီး ခြားနားမှုများစွာ ရှိနိုင်ပါသည်။ အဆိုပါ အချက်အလက်များက လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်မှု ဖြစ်စဉ်ကို နှောင့်နှေးစေခြင်း သို့မဟုတ် အဟန့်အတားများ ဖြစ်ပေါ်စေနိုင်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘောတရားများဖြစ်သော လူသားဆန်ခြင်း၊ ကြားနေခြင်း၊ ဘက်မလိုက် ခြင်းနှင့် လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်နိုင်မှုတို့သည် ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုအတွက်သာမက ထိခိုက်ခံရသူများအား ကူညီပေးနိုင်ရေးအတွက် လမ်းစဖြစ်စေပါသည်။ လေးစားလိုက်နာရေးအတွက် စိန်ခေါ်မှုများ ရှိနေသော်လည်း အကျိုးကျေးဇူးမှာ ကြီးမားလှပါသည်။ ထိုသဘောတရားများအရ လုပ်ဆောင်ခြင်းသည် ထိရောက် သည့် ညှိနှိုင်းဆောင်ရွက်မှုစနစ်ဖြစ်ထွန်းစေရန် ကူညီပေးရုံသာမက စခန်းလူထုအတွက် လူသားချင်း စာနာထောက် ထားမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပိုမိုကောင်းမွန်စေနိုင်သည်။

လူထုနှင့် ကူညီသူများအကြား ပြဿနာများကို အတူဖြေရှင်းနိုင်သည့် သင့်တင့်ကောင်းမွန်သော ဆက်ဆံရေးရှိရန် အရေးကြီးပါသည်။ မိတ်ဖက်အဖွဲ့များနှင့် လုပ်ငန်းသဘောအရ ထိရောက်သော ဆက်ဆံရေးတည်ဆောက်နိုင်ရန်မှာ အပြန်အလှန် ဖြည့်ဆည်းပေးရမည့် ကဏ္ဍများ၊ တာဝန်ဝတ္တရားများ၊ မျှော်လင့်မှုများကို ရှင်းလင်းစွာ နားလည်ကြရန် လိုပါသည်။ အလုပ်ဖြစ်စေနိုင်မည့် ဆက်သွယ်မှုများ တည်ဆောက်ရာတွင် အထက်ပါအချက်များကို စောနိုင်သမျှ စောစီးစွာ ကြိုတင်သဘောတူထားခြင်းက အရေးကြီးပြီး ခိုင်မြဲသောမိတ်ဖက်ပြုမှု၏ အခြေခံအုတ်မြစ်နှင့် အပြန်အလှန် တာဝန်ခံယူမှုကို ဖြစ်စေပါသည်။ မိတ်ဖက်အဖွဲ့အစည်းအားလုံးတွင် အချင်းချင်း ပါဝင်လုပ်ဆောင်စေလိုသည့် သဘော ထားနှင့် ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းစဉ်၌ တက်ကြွစွာပါဝင်လှုပ်ရှားမှုတို့ မရှိခဲ့ပါမူ မူဝါဒ၊ အမြင်၊ ရည်ရွယ်ချက်နှင့် သဘောတရားများအရ ညှိနှိုင်းဆောင်ရွက်ရာတွင် ရလဒ်မှာ အကန့်အသတ် ရှိနိုင်ပါသည်။ ညှိနှိုင်းမှုများ ဆောင်ရွက် ရန်နှင့် ညှိနှိုင်းမှုများကို လက်ခံရန်မှာ နားထောင်ခြင်းစွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို နားလည်လေးစားခြင်း၊ ယုံကြည်မှုနှင့် အားလုံးသဘောတူညီမှုရရန် လုပ်ဆောင်နိုင်ခြင်း စွမ်းရည်တို့သည် အလွန်အရေးကြီးပါသည်။

### မိတ်ဖက်ဖွဲ့စည်းခြင်း သဘောတရား

မိတ်ဖက်ဖွဲ့ ဆောင်ရွက်ခြင်း သဘောတရားကို ၂၀၀၇ခုနှစ်မှ စတင်ပြီး NGO များ၊ ကုလသမဂ္ဂအေဂျင်စီများ၊ IOM, ကမ္ဘာ့ဘဏ်၊ ကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့များပါဝင်သော GHP ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းပေါင်း (၄၀) က လက်ခံလိုက်နာကျင့်သုံးကြပါသည်။ အဖွဲ့အစည်းနှင့် အေဂျင်စီများအတွင်း ထိရောက်စွာ မိတ်ဖက်ဖွဲ့၍ ဆောင်ရွက်လုပ်ကိုင်ရန် လိုအပ်ကြောင်းကို သိမှတ်လျက် ရည်ရွယ်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

## တန်းတူညီမျှခြင်း

တန်းတူညီမျှခြင်းရှိစေရန် မိတ်ဖက်အဖွဲ့အစည်းများအကြား အရွယ်အစားနှင့် လုပ်ဆောင်နိုင်မှု စွမ်းအားအရ မဟုတ် ဘဲ အပြန်အလှန် လေးစားမှုကို လိုအပ်ပါသည်။ အဖွဲ့အချင်းချင်းကြား ခွင့်ပြုတာဝန်ပေးခြင်း၊ တာဝန်ရှိမှုနှင့် လွတ်လပ်မှုတို့အပေါ် လေးစားပြီး အခက်အခဲနှင့် ဆုံးဖြတ်လုပ်ဆောင်မှုများကိုလည်း သိမှတ်ရပါမည်။ အပြန်အလှန် လေးစားမှုသည် အဖွဲ့အစည်းများအကြား အပြုသဘောဆောင်သည့် သဘောထားမတူညီမှုများကို အဟန့်အတား မဖြစ်စေရပါ။

## ပွင့်လင်းမြင်သာခြင်း

ပွင့်လင်းမြင်သာခြင်းကို သတင်းအချက်အလက်များ စောစီးစွာ မျှဝေပေးခြင်းနှင့် ကြိုတင်တိုင်ပင်ခြင်းကို ပဓာန ထားပြီး ပြောဆိုဆွေးနွေးခြင်းဖြင့် ရရှိနိုင်ပါသည်။ ငွေကြေးရရှိသုံးစွဲမှု အပါအဝင် ဆက်သွယ်မှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း တို့သည် အဖွဲ့အစည်းများကြား ယုံကြည်မှုကို တိုးပွားစေနိုင်သည်။

## ရလဒ် ကို ဦးတည်အလေးပေးသောနည်း

ထိရောက်သော လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းသည် လက်တွေ့အခြေအနေပေါ် အခြေခံ၍ လုပ်ဆောင်မှု ကို ဦးတည်အလေးပေးရပေမည်။ ထို့အတွက် ထိရောက်သော လုပ်ငန်းစွမ်းရည်နှင့် သေချာသော လုပ်ဆောင်နိုင်စွမ်း အပေါ် အခြေခံ၍ ရလဒ်ကို ဦးတည်အလေးထားသော ညှိနှိုင်းဆောင်ရွက်မှုကို လိုအပ်ပါသည်။

## တာဝန်ယူမှု

လူသားချင်းစာနာသောအဖွဲ့များသည် မိမိတို့လုပ်ငန်းများကို တာဝန်ကျေ ပြီးမြောက်အောင် ဂုဏ်သိက္ခာရှိ၍ သင့်တင့် လျောက်ပတ်သော နည်းလမ်းများ အသုံးပြု ဆောင်ရွက်ရန် အချင်းချင်းအပေါ် ကျင့်ဝတ်အရ တာဝန်ယူမှုများ ရှိသည်။ ၎င်းတို့၌ နည်းလမ်း၊ လုပ်ငန်းစွမ်းရည်၊ ကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်တို့နှင့် ပြည့်စုံမှသာ လုပ်ငန်းများကို ကတိပြုတာဝန်ယူ၍ ဆောင်ရွက်ပေးအပ်နိုင်ပေမည်။ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်း ဆောင်ရွက်သူများမှ ကျူးလွန်သော အလွဲပြုကျင့်မှုများကိုလည်း တိကျပြတ်သားစွာ ခိုင်ခိုင်မာမာ တွန်းလှန်ရမည်။

## ဖြည့်ဆည်းအားဖြည့် လုပ်ဆောင်ခြင်း

တဖွဲ့ချင်းစီ၏ အားသာမှုများကို အခြေခံ၍ အချင်းချင်း ဖြည့်ဆည်းအားဖြည့် လုပ်ဆောင်နိုင်မည်ဆိုလျှင် လူသားချင်း စာနာထောက်ထားမှုအဖွဲ့များ စုံလင်များပြားခြင်းမှာ တန်ဖိုးရှိပေလိမ့်မည်။ ဒေသခံတို့၏ စွမ်းရည်သည် ပံ့ပိုး မြင့်တင် ပေးသင့်သော အဓိကကဏ္ဍတစ်ခုဖြစ်ပါသည်။ အရေးပေါ်အတွက် တုံ့ပြန်ဆောင်ရွက်ကြသည့်အခါ လူသားချင်း စာနာထောက်ထားမှုအဖွဲ့များအနေဖြင့် တသားတည်းဖြစ်ရန် အခွင့်သာတိုင်း ကြိုးပမ်းအားထုတ်သင့်ပါသည်။ ဘာသာ စကားနှင့် ယဉ်ကျေးမှုမလေ့ထုံးစံ အတားအဆီးများကိုလည်း ကျော်လွှားနိုင်ရမည်။

## စခန်းလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

စခန်းလူထုနှင့် ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုကို တိုးတက်စေခြင်းမှာ ပူးပေါင်းပါဝင်မှုနှင့် တာဝန်ခံယူမှုတို့အား သေချာစေရန် လူထုအား တသားတည်းပါဝင်စေခြင်းပင်ဖြစ်သည်။ စခန်းလူထုသည် တိုင်ပင်ရန်သက်သက်မဟုတ်ပဲ စခန်းအတွင်း စစ်တမ်းကောက်ယူခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း စသည်တို့၌ တက်ကြွစွာပါဝင်ရမည်။

စခန်းညှိနှိုင်းအစည်းအဝေးနှင့် ကဏ္ဍအလိုက်အစည်းအဝေးများတွင် စခန်းလူထုကိုယ်စားလှယ်များ တက်ရောက်စေခြင်းဖြင့် စာရင်းကောက်ယူခြင်း၊ သတင်းဖြန့်ဖြူးခြင်းနှင့် သတင်းပို့အစီရင်ခံခြင်းတို့ကို အထောက်အကူဖြစ်စေပါသည်။ အပြန်အလှန်အားဖြင့် ကူညီထောက်ပံ့မှုလုပ်ငန်းကို လွယ်ကူလျင်မြန်စေပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ပွင့်လင်း မြင်သာပြီး အားလုံးပါဝင်သည့်နည်းလမ်းကို မြှင့်တင်ပေးသည့်ပြင် ဝန်ဆောင်မှုပေးသူများကိုလည်း အလားတူ ဆောင်ရွက်စေရန် တိုက်တွန်း ရပါမည်။ စခန်းလူထုသည် မိမိတို့၏ ရွှေ့ပြောင်းနေရမှုအတွက် ထိရောက်စွာ စီမံဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားသူများ ဖြစ်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် အန္တရာယ် ကျရောက်လွယ်သောအုပ်စုများနှင့် သီးခြားလိုအပ်ချက်ရှိသူများအပါ အဝင် စခန်းလူထု၏ စွမ်းဆောင်ရည်ကို အလေး ထားပြီး အခြေပြုသောနည်းလမ်းကို လက်ခံအသုံးပြုသင့်သည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ညှိနှိုင်းဆောင်ရွက်မှုစနစ်၌ စခန်းလူထု လက်တွဲပါဝင်ခြင်း

ဖိလိပိုင်နိုင်ငံတွင် ၂၀၁၃ နိုဝင်ဘာလက ဝင်ရောက်ခဲ့သော တိုင်ဖုန်းဟိုင်ရန် (ဒေသအခေါ် ယိုလန်ဒါ) တိုက်ခတ်အပြီး လေးလကြာသည်အထိ တာကလိုဘန်တွင် ကျန်ရှိနေသော မိမိတို့ဘာသာ တည်ထောင်သော စခန်း(၁၆)ခု၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီစခန်းများမှ စီမံခန့်ခွဲမှု ကော်မတီများမှာ လှုပ်ရှားဆောင်ရွက်နေကြဆဲဖြစ်သည်။ စခန်းတစ်ခုစီတွင် စခန်းလူထုထဲမှ ဖြစ်ကြသော ရွေးကောက်ခံ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် ဆပ်ကော်မတီ ကိုယ်စားလှယ်များ ပါဝင်ကြသည်။ စခန်းအများစုတွင် ကော်မီတီများတွင် အစားအသောက်နှင့် လူသုံးပစ္စည်းများ၊ နေထိုင်စရာ၊ ရေနှင့် သန့်ရှင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ သတင်းပြန်ကြားရေး ဆပ်ကော်မတီတို့ ရှိကြသည်။ နေရာအလိုက်စီမံခန့်ခွဲမှုကော်မတီများကို လူမှုဝန်ထမ်း ဖွံ့ဖြိုးမှုဦးစီးဌာနနှင့် စခန်းမန်နေဂျာများက စခန်းညှိနှိုင်း ဆောင်ရွက်ရေး နှင့် စခန်းစီမံခန့်ခွဲမှု (CCCM) အစုအဖွဲ့မှ အကြံပေးချက်ဖြင့် ကူညီပံ့ပိုးကြသည်။

အချိန်ကြာသည်နှင့်အမျှ ပြောင်းရွှေ့နေထိုင်ရသူ များပြားလာမှုအပေါ် မူတည်ပြီး ပါဝင်မှုပုံစံနှင့် ရည်ရွယ်ချက်တို့ ပြောင်းလဲလာနိုင်သည်။ အားလုံးပါဝင်မှု ဆိုသည်မှာ ရေတိုကာလတွင် စခန်းတွင်း သတင်းအချက်အလက် ကောက်ယူခြင်း၊ ဖြန့်ဖြူးမှုစနစ်နှင့် အကာအကွယ်ပေးခြင်း တို့သာဖြစ်သည်။ ရေရှည်ပြောင်းရွှေ့နေထိုင်ရသည့်အခြေအနေတွင် ရှင်းပြတိုက်တွန်းခြင်း၊ စီမံအုပ်ချုပ်မှုစနစ် နှင့် ရေရှည်တည်တန့်သောဖြေရှင်းမှုများအတွက် မူဝါဒများ ချမှတ်ခြင်းတို့က ပို၍ အရေးပါလာသည်။

အများအားဖြင့် စခန်းလူထုဖြင့် ဖွဲ့စည်းထားသောကော်မတီများသည် အားလုံးပါဝင်မှုကို သေချာစေပြီး အောင်မြင်စေသော နည်းလမ်းဖြစ်သည်။ ၎င်းတို့သည် စခန်းရှိကိစ္စရပ်များ ပြီးမြောက်နိုင်ရန်အတွက် အုပ်စုတိုင်းကို ကိုယ်စားပြုသူများဖြင့် ဖွဲ့စည်းထားသော ကော်မတီများဖြစ်ကြသည်။ ၎င်းတို့အနေဖြင့် အသိပညာများ မြှင့်တင်ပေးခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် စောင့်ရှောက်ထိန်းသိမ်းခြင်းကိစ္စရပ်များကိုလည်း ဆောင်ရွက်လေ့ရှိသည်။

အစည်းအဝေးများ တက်ရောက်ရန်၊ ကော်မီတီများတွင် ပါဝင်ရန်နှင့် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန် လူများကို ရွေးချယ်သည့် လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်စေရန်မှာ လွန်စွာအရေးကြီးသော အရေးကိစ္စဖြစ်သည်။ စခန်း စီမံခန့်ခွဲမှု အေဂျင်စီအနေဖြင့် လူထုကိုယ်စားလှယ်များ ရွေးချယ်ရာတွင် ကြီးကြပ်ခြင်းဖြင့် ကျယ်ပြန့်ထိရောက်သော လူထုပါဝင်မှုကို သေချာစေရန်ဆောင်ရွက်ရမည်။

အဓိကအကြောင်းရင်းမှာ စခန်း၌နေထိုင်သူများအားလုံးအတွက် ကော်မတီများက ကိုယ်စားပြု ပါဝင်မှသာ ၎င်းတို့၏ ဆန္ဒ၊ လိုအပ်ချက်၊ ထင်မြင်ချက်တို့ကို ကြားသိနိုင်ပြီး ဖြည့်ဆည်းဆောင်ရွက်ရာ၌ ထည့်သွင်းစဉ်းစားနိုင်မည်။ စခန်းလူထု၏ နေထိုင်မှုဘဝ တိုးတက်စေရေး၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးနှင့် အခြားအထောက်အပံ့များကို ကိုင်တွယ်ဆောင်ရွက်နိုင်ရေးတို့အတွက် ညွှန်းပို့စနစ်နှင့် မကျေနပ်ချက် တိုင်ကြားခြင်းစနစ် များကို ထားရှိရပါမည်။

☛ လူထုပါဝင်ဆောင်ရွက်မှုနှင့် မကျေနပ်ချက် တိုင်ကြားခြင်းစနစ်များအကြောင်း ပိုမိုသိရှိလိုပါက - အခန်း (၃) လူထုပါဝင်ဆောင်ရွက်မှု - တွင် ကြည့်ရှုနိုင်ပါသည်။

## နိုင်ငံအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများအတွက် စခန်းလုပ်ငန်းများနှင့် ဆောင်ရွက်မှုများတွင် နိုင်ငံအာဏာပိုင်များမှာ အခရာကျပါသည်။ ၎င်းတို့သည် စခန်းလူထုအတွက် အဓိကတာဝန်ရှိပြီး ၎င်းတို့၏ ဖိတ်ခေါ်မှုသို့မဟုတ် သဘောတူညီမှုရှိမှသာ လူသားချင်းစာနာထောက်ထားမှုအဖွဲ့များ ဝင်ရောက်လာနိုင်ပါသည်။ စခန်းအဆင့် တွင် နိုင်ငံအာဏာပိုင်အဖွဲ့မှာ စခန်းအုပ်ချုပ်ရေးလုပ်ငန်းများကို အလိုအလျောက် တာဝန်ရှိပေသည်။ ယင်းမှာ စခန်းရှိ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် သက်ဆိုင်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီအဖြစ် မည်သည့်အဖွဲ့က ဆောင်ရွက်တာဝန်ယူသည်ဖြစ်စေ စခန်းရှိအဖွဲ့အားလုံးကို စောင့်ကြည့်ကြီးကြပ်ရမည်။ သဘောတူညီထားခဲ့သည့် တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်စေရန်အတွက်

မိတ်ဖက်အဖွဲ့များအား သင့်လျော်သလို ရှင်းပြတိုက်တွန်းရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်ဝတ္တရားဖြစ်သည်။

☛ စခန်းစီမံအုပ်ချုပ်ရေး၊ စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲမှုတို့ အခန်းကဏ္ဍကို ပိုမို သိရှိလိုပါက - အခန်း(၁) စခန်းစီမံခန့်ခွဲမှုအကြောင်း - တွင် ကြည့်နိုင်ပါသည်။

## စခန်းညှိနှိုင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

ပြည်တွင်းပြောင်းရွှေ့နေထိုင်ရသူများအတွက်ဆောင်ရွက်ပေးရာတွင်အစုအဖွဲ့ညှိနှိုင်းဆောင်ရွက်မှုစနစ်ရှိနှင့်ပြီးသောအခါ စခန်းအဆင့်ရှိ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဒေသအဆင့် သို့မဟုတ် စခန်းများအကြားရှိ စခန်းညှိနှိုင်း ဆောင်ရွက်ရေးအေဂျင်စီနှင့် သက်ဆိုင်ရာနိုင်ငံအာဏာပိုင်တို့နှင့်လက်တွဲ၍ ဦးဆောင်သော တုံ့ပြန်ဆောင်ရွက်မှု နည်းဗျူဟာတွင် တစိတ်တပိုင်းအဖြစ် ပါဝင်သည်။ နိုင်ငံအာဏာပိုင်အဖွဲ့အစည်းများကို စခန်းညှိနှိုင်းဆောင်ရွက်ရေး အေဂျင်စီအဖြစ် ပိုမိုလက်ခံလာကြပါသည်။ အစုအဖွဲ့များ ညှိနှိုင်းဆောင်ရွက်ရေး မရှိသော ပြောင်းရွှေ့နေထိုင်မှုများအတွက်မူ ကဏ္ဍအလိုက်ဦးဆောင်အေဂျင်စီမှ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် လက်တွဲပြီး စခန်းများအကြား ညှိနှိုင်းဆောင်ရွက်ရေးကို တာဝန်ယူပါသည်။ ဒုက္ခသည်များအတွက် စခန်းညှိနှိုင်းဆောင်ရွက်ရေးမှာ UNHCR က လုပ်ပိုင်ခွင့် ရှိပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် စခန်းညှိနှိုင်းဆောင်ရွက်ရေး အေဂျင်စီတို့အကြား ဆက်ဆံရေး၏ အရည်အသွေးသည် စခန်းတွင်း ကူညီပံ့ပိုးရေးနှင့် အကာအကွယ်ပေးခြင်းအားလုံးကို တုံ့ပြန်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်အတွက် အခရာကျသည်။ အဆိုပါ လုပ်ငန်းနှစ်မျိုး၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ကွဲပြားသော်လည်း အချင်းချင်း အမှီသဟဲပြုနေကြပြီး စခန်းအုပ်ချုပ်ရေးအပေါ်တွင်လည်း တည်မှီနေပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများ လစ်ဟာမှုနှင့် ထပ်နေခြင်းများကို ရှာဖွေသိရှိနိုင်ရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက တာဝန်ယူပါသည်။ အဆိုပါ သတင်းအချက်အလက် များကို ညှိနှိုင်းအစည်းအဝေးများ မတိုင်ခင် ဖြန့်ဝေ၍ တုံ့ပြန်ဆောင်ရွက်သည်သာမက စခန်းညှိနှိုင်းဆောင်ရွက်ရေး အစုအဖွဲ့၊ကဏ္ဍ ဦးဆောင်အေဂျင်စီမှ ထူထောင်ထားသော သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် တွင်လည်း ပါဝင် ထည့်သွင်းထားရမည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် စခန်းညှိနှိုင်းဆောင်ရွက်ရေးအေဂျင်စီအကြား အကောင်းဆုံး ညှိနှိုင်းဆောင်ရွက်ရေးပုံစံမှာ အတူတကွ စစ်တမ်းကောက်ယူခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းဖြစ်သည်။ လက်တွေ့တွင်မူ အေဂျင်စီတစ်ခုမှာ လုပ်ငန်းခွင်သို့ ဦးစွာရောက်ရှိနေတတ်ပြီး ညှိနှိုင်းဆောင်ရွက်မှုစနစ်၊ အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများမှာ ကြိုတင်ရေးဆွဲ ထားပြီး ဖြစ်နေတတ်ပါသည်။ သို့ဖြစ်ပါက သက်ဆိုင်သည့် အဖွဲ့အားလုံး လိုအပ်သော သတင်းအချက်အလက်များကို ရရှိစေရန်အတွက် ရှိပြီးသား လည်ပတ်နေသော ဖွဲ့စည်းပုံအပေါ် ထည့်သွင်းရန်၊ ရှိနှင့်ပြီးသောအရာများအား မျှဝေ၍ အတူတွဲလုပ်ဆောင်ရန် မေးမြန်းဆောင်ရွက်ရပါမည်။

☛ စခန်းညှိနှိုင်းဆောင်ရွက်ရေး အေဂျင်စီ၏ အခန်းကဏ္ဍကို ပိုမိုသိရှိလိုပါက - အခန်း(၁) စခန်းစီမံခန့်ခွဲမှုအကြောင်း - တွင် ကြည့်နိုင်ပါသည်။

## ဝန်ဆောင်မှုပေးသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထု၏ အခြေခံအခွင့်အရေးကို ထိန်းသိမ်းပေးရန် ဝန်ဆောင်မှုပေးသော အဖွဲ့များ၊ အရေးကြီးသော သက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရပါမည်။ ဝန်ဆောင်မှု အဖွဲ့အစည်းတို့မှာ ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းများနှင့် အစိုးရဌာနများ ဖြစ်နိုင်သည်။ ၎င်းတို့အားလုံးသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် သို့မဟုတ် လက်ရှိဖွဲ့စည်းပုံအရဖြစ်စေ ညှိနှိုင်းဆောင်ရွက်ရမည်။
စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ဝန်ဆောင်မှုပေးသောအဖွဲ့များအတွက် ပိုမို အကျိုးရှိစေသင့် သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ၎င်းတို့အနေဖြင့် သတင်းရယူ/မျှဝေခြင်း၊ ပိုမိုအကျိုး သက်ရောက်စေရန် ၎င်းတို့စီမံကိန်းများကို မြှင့်တင်အားပေးခြင်း လိုအပ်ပါသည်။ နှစ်ဘက်စလုံးသည် စခန်းအတွက် လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့ပေးရေး နည်းဗျူဟာတွင် ပါဝင်တာဝန်ယူရပါမည်။

ကာကွယ်စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ကောင်းစွာညှိနှိုင်းဆောင်ရွက်နိုင်ရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် အောက်ပါအချက်များကို ဝန်ဆောင်မှုအဖွဲ့များထံမှသော်၎င်း၊ အပြန်အလှန်အားဖြင့်၎င်း မျှော်လင့်သင့်ပါသည်။

- ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်စဉ်အတွက် ကတိကဝတ်ထားရှိခြင်း၊ လုပ်ငန်းအားလုံးတွင် ပွင့်လင်းမြင်သာမှုရှိခြင်း နှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ဝန်ဆောင်မှုအဖွဲ့များ၏ အခန်းကဏ္ဍအပေါ် အသိအမှတ်ပြုခြင်း တို့ ရှိသင့်သည်။
- အကောင်းဆုံးမှာ တစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများအား စာဖြင့်ရေးသား သဘောတူထား၍ လုပ်ငန်းအစီအစဉ် များ၏ ရည်မှန်းချက်ပန်းတိုင်များ မျှဝေထားရမည်။ ၎င်းတို့သည် ညှိနှိုင်းဆောင်ရွက်ရေး ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်ချက်များကို စောင့်ကြည့်ကြီးကြပ်ရန် နှင့် တာဝန်ခံယူမှုရှိစေရန်ဖြစ်သည်။
- ပါဝင်သူများအားလုံး တက်ကြွစွာပါဝင်လာစေရန် နှင့် သဘောတူထားသော ပန်းတိုင်များသို့ ရောက်ရှိနိုင်ရေး အတွက် လုပ်ငန်းဆောင်ရွက်မှုများကို လွယ်ကူစွာ စောင့်ကြည့်ကြီးကြပ်နိုင်စေရန် ရှင်းလင်းပြီး အကောင်အထည် ဖော်နိုင်လောက်သော ရေတိုရေရှည် ပန်းတိုင်များ ချမှတ်ထားရန် အရေးကြီးပါသည်။
- စခန်းသက်တမ်းတစ်လျှောက် အဖွဲ့အချင်းချင်း အခြေအနေများ အမြဲအစီရင်ခံခြင်း၊ အပြုသဘောဆောင်သော ဆက်ဆံရေး ရှိခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် ကြိုးပမ်းအားထုတ်ရမည်။
- အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှု၊ လုပ်ဆောင်မှုနှင့် တာဝန်ခံယူမှုတို့ရှိရန် အားပေးပံ့ပိုးခြင်းမှာ အရေးကြီးသည်။

**စခန်းနှင့် အဆက်အသွယ်ရှိစေခြင်း**

လုံခြုံရေးအရ အဖွဲ့ရုံးများအား NGO ဝင်းအတွင်း အတူတကွထားရှိခြင်းကြောင့် ဝန်ထမ်းများနှင့် စခန်းမှာ ကင်းကွာလာပြီး စခန်းနေလူထုနှင့် အနည်းငယ်သာ အဆက်အသွယ် ရှိလာတော့သည်။ စခန်းများကြီးထွားလာသော်လည်း ရုံးများမှာ မကြီးလာသည့်အခါ အကွာအဝေးကြောင့် သို့မဟုတ် လက်လှမ်းမမီသောကြောင့် စခန်းလူထုနှင့် ဝန်ဆောင် မှုအဖွဲ့တို့မှာ ထိတွေ့မှုနည်းပြီး ကင်းကွာလာတတ်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် ဝန်ဆောင်မှုအဖွဲ့များ၏ ဝန်ထမ်းများအား ဖြစ်နိုင်သရွေ့ စခန်း၌ ချထားပေး အပ်ရန် တိုက်တွန်းသင့်ပါသည်။ `

## ဒေသခံလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

စခန်းနှင့် စခန်းအနီးအနားရှိ ဒေသခံလူထုများနှင့် တိုးတက်ကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်မှု တည်ဆောက်ခြင်းဖြင့် ၎င်းတို့နှစ်ဖွဲ့အကြား ယုံကြည်မှုတိုးပွားလာပြီး၊ ပဋိပက္ခဖြစ်စေနိုင်သော သတင်းစကားများကို ရှောင်ရှားစေနိုင် သည်။ ဒေသခံများကို စခန်းတည်ထောင်ရာတွင် ပါဝင်စေခြင်း၊ အရေးကိစ္စများရှိပါက နားထောင်နိုင်ရန် စည်းဝေးပွဲ (ဖိုရမ်)များ ပြုလုပ်ပေးခြင်းနှင့် နစ်နာမှုများကို ဖြေရှင်းပေးခြင်းက အပေါင်းလက္ခဏာဆောင်သော ဆက်ဆံရေးကို ဖြစ်ပေါ်စေပြီး စခန်းစီမံခန့်ခွဲမှုအတွက်လည်း အကျိုးရှိစေပါသည်။

စခန်းကို လက်ခံထားရခြင်းက ဆင်းရဲနွမ်းပါးပြီး အရင်းအမြစ်များရှားပါးသော ဒေသခံတို့အတွက် လူမှုစီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုတို့အပေါ် ဖိအားဖြစ်စေနိုင်သည်။ တခါတရံ စခန်းလူထုမှာ ဒေသခံများထက် ပိုမို ကောင်းမွန်သော၊ လုံခြုံသော နေထိုင်မှုအဆင့်၌ နေရခြင်းမျိုး ဖြစ်တတ်သည်။ စုစည်းနေထိုင်ရာနေရာများမှ လူများမှာမူ ဒေသခံများထက် ပိုဆင်းရဲသော အခြေအနေတွင် နေထိုင်ရလေ့ရှိသည်။ အရင်းအမြစ်များ မျှဝေသုံးစွဲရမှုကြောင့် တင်းမာမှုများ ဖြစ်ပေါ်လာနိုင်ပြီး ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ဒေသခံများအကြား ရန်လိုသော ဆက်ဆံရေး ဖြစ်စေနိုင်သည်။

စခန်းလူထုနှင့် ဒေသခံများအကြား ဆက်ဆံရေးမှာ ထူးခြားသော အနေအထားများနှင့် ဒေသနောက်ခံ အခြေအနေတို့ ကြောင့် ဖြစ်ပေါ်တတ်သည်။ ဒေသခံများနှင့် စခန်းလူထုတို့ ကောင်းမွန်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို တိုးမြှင့်နိုင်ရန် အောက်ပါ ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ သဘောတရားများကို လိုက်နာရန် လိုအပ်ပါသည်။

- ဒေသခံလူထုနှင့် ဆက်သွယ်ရေးလမ်းကြောင်းရှိစေရန် ချက်ချင်းဆောင်ရွက်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းများ ပါဝင်သော ညှိနှိုင်းဆောင်ရွက်ရေးဖိုရမ်များသို့ ဒေသခံ လူထုကိုယ်စားလှယ် များကို ဖိတ်ခေါ်သင့်သည်။

- စခန်းနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်သည့် ဒေသစီမံအုပ်ချုပ်မှု ယန္တရားတွင် စခန်းကိုယ်စားလှယ်များ ပါဝင်နိုင်ရန်အတွက် ရှင်းပြတိုက်တွန်းပေးခြင်း၊
- ကျန်းမာရေးစောင့်ရှောက်မှု၊ ရေကောင်းရေသန့်၊ ပညာရေး၊ ယဉ်ကျေးမှု ပွဲလမ်းသဘင်များနှင့် အလုပ်ရရှိရေး စသည့် စခန်း၌ ပေးအပ်နေသော ဝန်ဆောင်မှုများအား ဒေသခံများအတွက်ပါ အကျိုးကျေးဇူး ရရှိအောင် နည်းလမ်း ရှာပေးခြင်း

**ညှိနှိုင်းဆောင်ရွက်ရေး ဖြစ်စဉ်အတွက် ကတိကဝတ်**

စခန်းတွင်း၌ ကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်ရေး ဖြစ်ပေါ်စေရန် သက်ဆိုင်သောအဖွဲ့များ အားလုံးသည် စခန်းတွင်းညှိနှိုင်းဆောင်ရွက်ရေးအပါအဝင် စခန်း စီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများနှင့် တို့ကို ရှင်းလင်းစွာ သိထားရမည်။ ပါဝင်ပတ်သက်သူအားလုံးသည် ညှိနှိုင်းအစည်းအဝေးများကို တက်ရောက်ရန်နှင့် ညှိနှိုင်း ဆောင်ရွက်မှုအတွက် အရေးပါသော ကိစ္စရပ်များကို ပွင့်လင်းမြင်သာ ရှင်းလင်းစွာ ဆက်သံပြောဆိုရန် ကတိကဝတ် ထားရှိသင့်သည်။ စခန်းညှိနှိုင်းဆောင်ရွက်မှုအေဂျင်စီက ကောင်းစွာသိရှိမှသာ စခန်းလူထုအတွက် အထောက်အပံ့ များနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်မှုကို သေချာစေနိုင်ပေမည်။

## ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာ အဓိကယန္တရားများနှင့် နည်းလမ်းများ

ညှိနှိုင်းဆောင်ရွက်ရေးယန္တရား ဆိုသည်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ညှိနှိုင်းဆောင်ရွက်ရာတွင် သုံးသော နည်းလမ်းများဖြစ်သည်။ ၎င်းမှာ ညှိနှိုင်းဆောင်ရွက်မှု ပြီးမြောက်အောင်မြင်စေရန် ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် အဓိက ညှိနှိုင်းဆောင်ရွက်ရေး ယန္တရားများမှာ အစီအစဉ်များ ပူးပေါင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း ညှိနှိုင်း အစည်းအဝေးများမှ ဆုံးဖြတ်ချက်များကို စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း တို့ဖြစ်သည်။

### ညှိနှိုင်းဆောင်ရွက်ရေးယန္တရားများ

**အစီအစဉ်များ ပူးပေါင်းရေးဆွဲခြင်း**

ညှိနှိုင်းဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်းနှင့် အစီအစဉ်များ ပူးပေါင်းရေးဆွဲခြင်း တို့ကို တိုးချဲ့လုပ်ကိုင်ရမည်။ ကဏ္ဍအလိုက် လိုအပ်ချက်များကို ဝန်ဆောင်မှုအဖွဲ့များနှင့်အတူ ဆန်းစစ်ပြီး နည်းပညာ ဆိုင်ရာလုပ်ငန်းများကို လက်တွဲစီစဉ်ရပါမည်။ ဖြစ်နိုင်ပါက အေဂျင်စီဝန်ထမ်းများအတွက် သင်တန်းများ အတူတကွ ပြုလုပ်ပေးရမည်။ အေဂျင်စီများအနေဖြင့် ၎င်းတို့၏ ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းတစ်ရပ်အဖြစ် ဝန်ထမ်းနှင့် လုပ်ငန်းဆောင်ရွက်ရန် အရင်းအမြစ်များကို မျှဝေသုံးစွဲနိုင်သည်။

သဘောတူညီချက်များနှင့် သဘောတူညီချက်ရရှိအောင် လုပ်ဆောင်သောဖြစ်စဉ်အားလုံးကို ရှင်းလင်းသေချာစေရန် အရေးကြီးသည်။ မှတ်တမ်းမှတ်ရာများဖြစ်သော အစည်းအဝေးမှတ်တမ်း၊ နားလည်မှုစာချွန်လွှာ၊ လုပ်ငန်းအစီအစဉ်၊ အညွှန်းကိန်း၊ လမ်းညွှန်ချက်နှင့် အစီရင်ခံစာများသည် ရှင်းလင်းတိကျ၍ လွယ်ကူစွာအသုံးပြု စီမံခန့်ခွဲနိုင်ရန် အတွက် ရေးသားပြီး ဖြန့်ဝေထားရမည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် အဖြစ်အပျက်များ တစ်ခုနှင့်တစ်ခုဆက်နွယ်ပုံ အပြန်အလှန်မှီခိုပုံတို့ကို လွှမ်းခြုံ သိမြင်နားလည်ရန် လိုအပ်သည်။ ဥပမာ- အစားအသောက်ဖြန့်ဖြူးခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းမျိုးသည် ကာကွယ် ပေးခြင်းနှင့် သွယ်ဝိုက်ပတ်သက်နိုင်သည်။ သက်ရွယ်ကြီးသူများနှင့် မသန်စွမ်းသူများစသည့် ထိခိုက်လွယ် သူများအတွက် အစားအသောက် ရရှိရန် သီးသန့်အမြန် တန်းစီလိုင်းများရှိစေခြင်း သို့မဟုတ် ၎င်းတို့နေထိုင်ရာ နေရာ တွင် ပေးအပ်ခြင်း စသည့်ဖြင့် ကာကွယ်စောင့်ရှောက်ပေးနိုင်သည်။

ကွဲပြားခြားနားမှုကို လေးစားရန် လိုအပ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်သူများနှင့် အုပ်စုအားလုံးအပေါ် လေးစားနားလည်မှုကို အစဉ်ကျင့်သုံးသည့်အပြင် အခြားသူများအား ရှင်းပြတိုက်တွန်းပေးရန် လည်းလိုသည်။

**အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း**

စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် အကောင်းဆုံး လုပ်ဆောင်သင့်သည့် အလေ့အထမှာ အစီအစဉ်များ၏ အကျိုးသက် ရောက်မှုကို စဉ်ဆက်မပြတ် စောင့်ကြည့်ကြီးကြပ်၍ အချိန်မီ သင့်လျော်သော အထောက်အပံ့များ ပေးနိုင်ရန်နှင့် လစ်ဟာချက်များ

ဖြည့်ဆည်းပေးနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှု၏ ထိရောက်မှုကို အစဉ်ဆန်းစစ်ရမည်။ ဤ သို့ဖြင့် လစ်ဟာချက်များ ဖြည့်ဆည်းပေးခြင်းအတွက် တာဝန်ခံယူမှု ရှိစေလိမ့်မည်။ လုပ်ငန်းကဏ္ဍအလိုက် သုံးသပ် အကဲဖြတ်ခြင်းသည် အနာဂတ် စီမံကိန်းများ၌ ထည့်သွင်းစဉ်းစားသင့်သော သင်ခန်းစာများအရ ပြင်ဆင်ဆောင်ရွက် နိုင်ရန် အကျိုးပြုပါသည်။ ထို့ပြင် အေဂျင်စီတိုင်း၏ ဝန်ဆောင်မှုများနှင့် စခန်းလူထုအတွက် အကျိုးသက်ရောက်မှုကို စောင့်ကြည့်ကြီးကြပ်ရန် အရေးကြီးပါသည်။

## လုပ်ငန်းအထောက်အကူ နည်းလမ်းများ

### အစည်းအဝေးများ

အစည်းအဝေး များလွန်းခြင်းသည် ကယ်ဆယ်ရေးလုပ်ငန်းများ၏ ရှုပ်ထွေးမှု လက္ခဏာဖြစ်နိုင်သည်။ အစည်းအဝေး များကို သေချာပြင်ဆင်ပြီး ဦးဆောင်ခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများက အချိန်ဖြုန်းခြင်း သက်သက်ဟု ယူဆခြင်းကို ရှောင်ရှားနိုင်ပေမည်။ ထိရောက်အကျိုးရှိသော အစည်းအဝေးများ ပြုလုပ်နိုင်ရန်အတွက် အောက်ပါအချက်များသည် အရေးကြီးပါသည်။

- တက်ရောက်သင့်သူကိုယ်တိုင် တက်ရောက်ခြင်း
- သက်ဆိုင်သော သတင်းအချက်အလက်များ ကြိုတင်ပေးပို့ထားခြင်း
- ရှင်းလင်းပြီး သဘောတူညီထားသော အစည်းအဝေးအစီအစဉ်ကို လိုက်နာခြင်း
- သဘောတူထားသည့် အချိန်အတိုင်း စတင်ခြင်း၊ ပြီးဆုံးခြင်း
- အပြုသဘောဆောင်သည့် အပြုအမူများအတွက် လမ်းညွှန်ချက်များထားရှိခြင်း
- အဖွဲ့အတွင်း ယုံကြည်မှုနှင့် ဆက်ဆံရေးတည်ဆောက်ရန် အချိန်ယူခြင်း
- လုပ်ဆောင်ရန် သဘောတူထားသော အချက်များကို မှတ်တမ်းတင်ခြင်းနှင့် ဆက်လက်အရေးယူ ဆောင် ရွက်ခြင်း
- အစည်းအဝေးမှတ်တမ်းများကို ၄၈နာရီအတွင်း ဖြန့်ဝေပြီး ထိရောက်မှုကို အကဲဖြတ်နိုင်ရန် ခွင့်ပြုခြင်း။

**ထိရောက်သော ညှိနှိုင်းဆောင်ရွက်ခြင်းဆိုသည်မှာ အစည်းအဝေးများစွာ ပြုလုပ်ခြင်း မဟုတ်ပါ။ အကောင်းဆုံး အစည်းအဝေး တစ်ခု ပြုလုပ်ခြင်းဖြစ်သည်။**

မတူညီသော အကြောင်းအရာများအတွက် သီးခြားအစည်းအဝေးများ သတ်မှတ်ရာတွင် အကျိုးရှိအောင် အမြဲထည့်သွင်းစဉ်းစား သင့်သည့် အချက်အလက်များမှာ

- အမှန်တကယ် လိုအပ်မှု
- တိကျသော ရည်ရွယ်ချက်ရှိခြင်း
- လုပ်ငန်း အစီအစဉ်ရေးဆွဲမှု ပါဝင်ခြင်း
- နိုင်ငံရေးအခြေအနေ ပြောင်းလဲမှုနှင့် ဆက်နွယ်နေသော လုံခြုံရေးအခြေအနေများ
- သင်တန်းလိုအပ်ချက်များနှင့် ဝန်ထမ်းများ၏ အရေးကိစ္စ

အစည်းအဝေးမှာ အများပါဝင်သည့် အုပ်စုကြီးအတွက်၊ သို့မဟုတ် အုပ်စုငယ်အတွက် သို့မဟုတ် နှစ်ဖွဲ့ချင်း အတွက် လုပ်ဆောင်ရန် ဖြစ်ပါသလား။ ကျွမ်းကျင်မှုများ ကောင်းစွာဝေမျှနိုင်ရန်နှင့် အားလုံးပါဝင်ဆွေးနွေးနိုင်ရန် အတွက် အစည်းအဝေးကို ဦးဆောင်ပံ့ပိုးရာတွင် အချိန်နှင့် ရည်ရွယ်ချက်အတိုင်း တိကျစွာ လုပ်ဆောင်ရန်မှာ ခက်ခဲနိုင်ပါသည်။ အားလုံးပါဝင်ရန်၊ စိတ်ရောကိုယ်ပါ ပါဝင်ရန်နှင့် ယုံကြည်မှု တိုးပွားရန်အတွက် ရှင်းလင်း တိကျပြီး ဖြစ်နိုင်ချေရှိသော ပန်းတိုင်ကိုချမှတ်ရမည်။

လုပ်ဆောင်ရမည့်အချက်များ၊ ရက်သတ်မှတ်ချက်များနှင့် ဆက်သွယ်ရန်လိပ်စာများ အတိအကျ ပါဝင်၍ ရှင်းလင်း တိကျသော ညှိနှိုင်းအစည်းအဝေးမှတ်တမ်းများကို တက်ရောက်လာသူများထံသို့ အချိန်မီပေးပို့ခြင်းဖြင့် ထိရောက် သော ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် တာဝန်ခံယူမှုကို သိသာထင်ရှားစွာဖြစ်ပေါ်စေပါသည်။ ပြန်လည်ရည်ညွှန်းနိုင်ရန် အတွက် ဆုံးဖြတ်ချက်များကို အစည်းအဝေး မှတ်တမ်းတွင် မှတ်တမ်းတင်ထားရပါမည်။

**စခန်းအဆင့်ရှိ ပြုလုပ်လေ့ရှိသော ညှိနှိုင်းအစည်းအဝေး အမျိုးအစားများ**

- အစည်းအဝေး အစီအစဉ်နှင့် မှတ်တမ်းများ ဖြန့်ဝေမှု ပါဝင်သော ပုံမှန် အပတ်စဉ် သို့မဟုတ် နှစ်ပတ် တစ်ကြိမ် အစည်းအဝေးများ
- စခန်းရှိ ကာကွယ်စောင့်ရှောက်မှုအဖွဲ့ငယ်တို့၏ ပုံမှန်အစည်းအဝေးကဲ့သို့သော ကဏ္ဍအလိုက် ကော်မတီ အစည်းအဝေးများ
- စခန်းစီမံအုပ်ချုပ်မှုအတွက် စခန်းလူထုကိုယ်စားလှယ်များ ပါဝင်သည့် စခန်းကော်မတီများ
- အစီအစဉ်ဖြင့်မဟုတ်ဘဲအထွေထွေဆက်ဆံရေးတည်ဆောက်ခြင်းစသဖြင့်ရင်းရင်းနှီးနှီးအပြန်အလှန်ပြောဆိုဆွေးနွေးခြင်းများ

**အစုအဖွဲ့၊ ကဏ္ဍအဆင့်တွင် ပြု လုပ်လေ့ရှိသော ညှိနှိုင်းအစည်းအဝေး အမျိုးအစားများ**

- အစုအဖွဲ့လိုက်/ကဏ္ဍအလိုက် အစည်းအဝေးများ (စခန်းညှိနှိုင်းရေးမှူးမှ ဦးဆောင်ပံ့ပိုး)
- တယ်လီဖုန်း၊ ဆက်သွယ်ရေးကိရိယာ အသုံးပြု၍ စည်းဝေးခြင်း (သက်ဆိုင်သူများစွာ ပါဝင်နိုင်သည်။)
- အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးများ (အရေးပေါ်လိုအပ်ချက်များအား တုံ့ပြန်ဆောင်ရွက်ရန်နှင့် ထောက်ခံ ချက်များ ပေးနိုင်ရန်အတွက် နည်းပညာနှင့် ကျွမ်းကျင်သူများမှ စုးစိုက်ဆောင်ရွက်ရန်)
- တိကျသောကိစ္စရပ်တစ်ခုအတွက် သုတေသန ပြုလုပ်ရန် သို့မဟုတ် တိကျသော လုပ်ငန်းတစ်ခု လုပ်ဆောင် ရန် တာဝန်ယူထားသော အဖွဲ့/အဖွဲ့ခွဲ အစည်းအဝေး

စခန်းနှင့် အစုအဖွဲ့/ကဏ္ဍအဆင့်ရှိ အစည်းအဝေးများအကြား ညှိနှိုင်းဆက်သွယ်မှုရှိသင့်သည်။ စခန်းအဆင့်ရှိ အစည်းအဝေးရလဒ်များကို အစုအဖွဲ့/ကဏ္ဍအဆင့်ရှိအစည်းအဝေးအစီအစဉ်နှင့် ဆွေးနွေးချက်များအတွက် အကြောင်းကြားရမည်။ အပြန်အလှန်အားဖြင့် အစုအဖွဲ့/ကဏ္ဍအဆင့်ရှိ သဘောတူထားသော နည်းဗျူဟာနှင့် ဦးတည်ချက်တို့ကို စခန်းအဆင့်၌လည်း ဆွေးနွေးရပါမည်။ ဤအချက်က အချက်အလက်များ အချိန်မီ ရရှိပြီး အစည်းအဝေး အစီအစဉ်များ ညှိနှိုင်းဆက်သွယ်မှုရှိသည်ဟု မှတ်ယူနိုင်လိမ့်မည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ကြာမြင့်စွာ ရွှေ့ပြောင်းနေထိုင်ရသူများ၏ အခြေအနေတွင် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ကင်ညာ-၂၀၁၂**

ကင်ညာရှိ ဒက္ကသည်စခန်းကဲ့သို့ ကာလကြာမြင့်စွာ ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေမျိုးတွင် သက်ဆိုင်သူများ အားလုံးအတွက် ရေရှည် မျှော်မှန်းချက်မျိုး မရှိခြင်း ဖြစ်နိုင်သည်။ ညှိနှိုင်းအစည်းအဝေးများသည် ပုံမှန်လုပ်ရိုးလုပ်စဉ် အခြေအနေ တင်ပြခြင်းသာဖြစ်ပြီး စီမံကိန်းအတူရေးဆွဲခြင်းနှင့် အတွေ့အကြုံဝေမျှခြင်းတို့မရှိပါ။ အဓိက စိန်ခေါ်မှု များမှာ ကြာမြင့်စွာ အငြင်းပွားမှုများ၊ နိုင်ငံရေးကွာဟချက်များ၊ အရှိုးစွဲနေသော ကိုယ်ရည်ကိုယ်သွေး ပြဿနာများ၊ ကိုယ်ကျိုးစီးပွား စိတ်ဝင်စားမှုများ ဖြစ်ကြသည်။ ဝန်ထမ်းအပြောင်းအလဲ အထူးသဖြင့် နိုင်ငံခြားသားဝန်ထမ်း အပြောင်းအလဲ များပြားခြင်းက ညှိနှိုင်းဆောင်ရွက်ရေး ယန္တရားများ၏ တိုးတက်မှုကို ထိခိုက်နိုင်ပါသည်။ စခန်းစီမံ ခန့်ခွဲမှုအေဂျင်စီသည် အားနည်းချက်များကိုဖော်ထုတ်ကာ အားလုံးပါဝင်ပြီး ပွင့်လင်းမြင်သာမှုရှိသောနည်းလမ်းဖြင့် အားသာချက်များကို အားဖြည့်ပေးရမည်။ ပြင်ဆင်ရန်လိုအပ်သော ညှိနှိုင်းမှုယန္တရားများကို ဆန်းသစ်တီထွင် ပြောင်းလဲနိုင်ပါက ထူးခြားအောင်မြ င်နိုင်ပါလိမ့်မည်။

**ညှိနှိုင်းဆောင်ရွက်ရေးကို ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်သော နည်းလမ်း (၅)မျိုး**

ဤနည်းလမ်းသည် ညှိနှိုင်းအစည်းအဝေးစတင်ရန်နည်းလမ်း၊ ညှိနှိုင်းရေးနည်းလမ်း၏ အားနည်းချက်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်ရန်နှင့် တိုးတက်ကောင်းမွန်အောင်ပြုလုပ်နိုင်ရန် ဖြည့်ဆည်းပေးသည်။ တည်နေရာ၊ အဖွဲ့ဝင်၊ ဆုံးဖြတ် ချက် ချမှတ်ခြင်း၊ လုပ်ရိုးလုပ်စဉ်၊ အရင်းအမြစ်များတို့ ပါဝင်သည်။

| | |
|---|---|
| တည်နေရာ | ကတိကဝတ် |
| အဖွဲ့ဝင် | |
| ဆုံးဖြတ်ချက်ချမှတ်ခြင်း | |
| လုပ်ရိုးလုပ်စဉ် | |
| အရင်းအမြစ်များ | |

- ➔ တည်နေရာ - အစည်းအဝေးပြုလုပ်မည့်နေရာနှင့် အချိန်
- ➔ အဖွဲ့ဝင် - ဘယ်သူတွေအတွက် စည်းဝေးတာလဲ။
- ➔ ဆုံးဖြတ်ချက်ချမှတ်ခြင်း - အစည်းအဝေးစီစဉ်သူနှင့် တက်ရောက်လာသူတို့၌ ဆုံးဖြတ်ချက်ချနိုင်သော အခွင့်အာဏာ ရှိသလား။။
- ➔ လုပ်ရိုးလုပ်စဉ် - အစည်းအဝေးအစီအစဉ်နှင့် ဖိတ်ကြားလွှာ ရှိသလား။။ ဆွေးနွေးဆုံးဖြတ်ချက် များကို မှတ်တမ်းတင်ပြီး ဖြန့်ဝေပါသလား။။
- ➔ အရင်းအမြစ် - ဧည့်ခံကျွေးမွေးရေး၊ ရုံးသုံးပစ္စည်း၊ လျှပ်စစ် နှင့် မှတ်တမ်းများ မိတ္တူကူးရန် အတွက် အရင်းအမြစ်များ ရှိသလား။။

**ညှိနှိုင်းအစည်းအဝေးအတွက် လုပ်ဆောင်ရမည့်စာရင်း**

ဤစာရင်းသည် အစည်းအဝေးအတွက် ပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေပါသည်။

**မည်သူက မည်သည့်နေရာတွင် မည်သည်တို့ကို ဆောင်ရွက်မည်နည်း**

ဤ ရိုးရှင်းသောနည်းလမ်းမှာ ဝန်ဆောင်မှုပေးရာတွင် လုပ်ငန်းများမထပ်စေရန် နှင့် လစ်ဟာချက်များ ဖော်ထုတ်နိုင်ရန်အတွက် လိုအပ်ချက်ဖြစ်သည့် စခန်းရှိသက်ဆိုင်သူများအားလုံး၏စာရင်းကို ပြုစုမှတ်သားနိုင်ရန် ပံ့ပိုးပေးသည်။

**SMART- တိကျသော၊ တိုင်းတာနိုင်သော၊ အကောင်အထည်ဖေါ်နိုင်သော၊ လက်တွေ့ကျသော၊ အချိန်သတ်မှတ်ချက် ရှိသော**

SMART နည်းလမ်း ကို ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းစဉ်များရေးဆွဲရာ၌ အသုံးပြုနိုင်ပါသည်။

**အစည်းအဝေးမှတ်တမ်း ပုံစံ**

အစည်းအဝေးမှတ်တမ်းပုံစံသည် အစည်းအဝေးကျင်းပစဉ်အတွင်း မှတ်တမ်းရေးသွင်းခြင်းနှင့် တက်ရောက်သူများ ထံသို့ မှတ်တမ်းဖြန့်ဝေရာတွင် အထောက်အကူပြုပါသည်။

## ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် စိန်ခေါ်မှုများ

စခန်းစီမံခန့်ခွဲမှုအေဂျင်စီအသုံးပြုသော ညှိနှိုင်းဆောင်ရွက်ရေးနည်းလမ်းများနှင့် ရလဒ်များသည် စခန်းလူထုကို ပံ့ပိုးပေးနေသော ကာကွယ်စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများအပေါ် တိုက်ရိုက် အကျိုးသက်ရောက်မှုရှိသည်။ ညှိနှိုင်း ဆောင်ရွက်ရေးသည် အမြဲတစေ ဆွေးနွေးလေ့ရှိသော ခေါင်းစဉ်ဖြစ်သော်ငြားလည်း လက်တွေ့တွင် ထိရောက်အောင် အကောင်အထည်ဖော်ရန် ခက်ခဲနိုင်ပါသည်။ အချို့သော စိန်ခေါ်မှုများမှာ -

**စိန်ခေါ်မှု - ညှိနှိုင်းဆောင်ရွက်ရေး အစည်းအဝေးများကျင်းပရန်**

ဖြေရှင်းနည်း။ ညှိနှိုင်းဆောင်ရွက်ရေး အစည်းအဝေးများအား အစဦးကပင် ကောင်းမွန်စွာကျင်းပနိုင်ရန် စခန်းစီမံခန့်ခွဲမှု အေဂျင်စီ အနေဖြင့်၊

- ➔ ညှိနှိုင်းဆောင်ရွက်ရေးကို ခွဲခြမ်းစိတ်ဖြာနိုင်သော နည်းလမ်း (၅)မျိုး (တည်နေရာ၊ အဖွဲ့ဝင်၊ ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ လုပ်ရိုးလုပ်စဉ်၊ အရင်းအမြစ်များ) တို့ကို ဆန်းစစ်ရန်စာရင်းအဖြစ် အသုံးပြုရန်
- ➔ ညှိနှိုင်းဆောင်ရွက်ရေးအစည်းအဝေးတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစာရင်း
- ➔ မည်သူက မည်သည့်နေရာတွင် မည်သည်တို့ကို ဆောင်ရွက်မည်နည်း
- ➔ SMART သတ်မှတ်ချက်များ - တိကျသော၊ တိုင်းတာနိုင်သော၊ အကောင်အထည်ဖေါ်နိုင်သော၊ လက်တွေ့ ကျသော၊ အချိန်သတ်မှတ်ချက် ရှိသော -
- ➔ အစည်းအဝေးမှတ်တမ်းပုံစံ

ညှိနှိုင်းဆောင်ရွက်ခြင်း၏ အကျိုးရှိမှုကို လူအများ သိမြင်၍ ညှိနှိုင်းဆောင်ရွက်ခြင်း ဖြစ်စဉ်ကို အလေးထား ဂရုပြုမှသာ ညှိနှိုင်းဆောင်ရွက်မှုသည်အလုပ်ဖြစ်နိုင်သည်။ ဤအရာသည် ၎င်းတို့၏အစီအစဉ်များထိရောက်မှုနှင့်အကျိုးများခြင်းကိုရရှိစေသော

အချင်းချင်းထိရောက်စွာ သတင်းအချက်အလက်မျှဝေခြင်းနှင့် ပူးတွဲစီမံကိန်းရေးဆွဲခြင်း၊ ဆက်ဆံရေး တည်ဆောက်ခြင်းတို့အပေါ် အမှီပြုလာသည့်အခါ ဖြစ်ပေါ်လာပေမည်။ သို့မှသာ စီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် အမှန်တကယ်ပြောင်းလဲအောင် လုပ်ဆောင်နိုင်ကြောင်း ပေါ်လွင်စေမည်။

## စိန်ခေါ်မှု - အဆင့်မီသော ညှိနှိုင်းဆောင်ရွက်ခြင်း စွမ်းရည်

ဖြေရှင်းနည်း။ ဩဇာရှိသော လူတစ်ဦးအပေါ် မှီခိုနေရခြင်းကဲ့သို့ ထိခိုက်လွယ်သော ညှိနှိုင်းဆောင်ရွက်ခြင်းမျိုးကို ရှောင်ရှားနိုင်ရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် လုံလောက်သောအတွေ့အကြုံရှိပြီး လေ့ကျင့်ထားသော ဝန်ထမ်း များ လိုအပ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၌ ဝန်ထမ်းမလုံလောက်မှုကြောင့် နိုင်ငံအာဏာပိုင်အဖွဲ့မှ တာဝန်ယူ ခဲ့လျှင် ၎င်းတို့အား လိုအပ်သော သင်တန်း၊ ရုံးသုံးပစ္စည်း၊ စာရေးကိရိယာ၊ အဆောက်အအုံ၊ ဝန်ထမ်းတို့ကို ပံ့ပိုးပေး ရမည်။

## စိန်ခေါ်မှု - သက်ဆိုင်သူအားလုံး၏ ကတိကဝတ်

ဖြေရှင်းနည်း - သက်ဆိုင်သူအားလုံးသည် ညှိနှိုင်းဆောင်ရွက်ရေးဖြစ်စဉ်နှင့် ကော်မတီအစည်းအဝေးတက်ရောက်ခြင်းကို ဦးစားပေးသတ်မှတ်ပြီး သတင်းအချက်အလက် မျှဝေခြင်းနှင့် မိတ်ဖက်စည်းမျဉ်း လိုက်နာခြင်းတို့အတွက် ကတိကဝတ်ထားရှိရမည်။ အခက်အခဲ ကြုံတွေ့လာပါက စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် ပိုမိုကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်ရေး လုပ်ဆောင်နိုင်ရန် ရှင်းပြတိုက်တွန်းပေးနိုင်သော စခန်းညှိနှိုင်းဆောင်ရွက်ရေးအေဂျင်စီ နှင့် အာဏာပိုင်အဖွဲ့အစည်းများမှ အကူအညီကို ရယူနိုင်သည်။ တိုင်တန်းခြင်း လုပ်ထုံးလုပ်နည်းနှင့် ရှင်းပြတိုက်တွန်းရေး နည်းဗျူဟာတို့ကို စီမံခန့်ခွဲမှုအေဂျင်စီ၏ နည်းဗျူဟာအစီအစဉ်တွင် တစိတ်တဒေသအဖြစ် ထည့်သွင်းဆုံးဖြတ်ရမည်။

စခန်းအဆင့် ညှိနှိုင်းဆောင်ရွက်ရေးသည် အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်းကော်မီတီ (IASC) က ဦးဆောင်သော ကမ္ဘာလုံးဆိုင်ရာ စနစ်၏ တစိတ်တဒေသဖြစ်သည်။ ၎င်းမှာ အဓိက ကုလသမဂ္ဂနှင့် ကုလသမဂ္ဂမဟုတ်သော မိတ်ဖက် အဖွဲ့အစည်းများ ပါဝင်သော အေဂျင်စီများအကြား ညှိနှိုင်းဆောင်ရွက်ရေး၊ မူဝါဒတိုးတက်ရေးနှင့် ဆုံးဖြတ်ချက် ချခြင်းတို့အတွက် ဖိုရမ် ဖြစ်သည်။

## စိန်ခေါ်မှု - သင့်လျော်သောရံပုံငွေ

ဖြေရှင်းနည်း - စီမံခန့်ခွဲရေးအေဂျင်စီအပါအဝင် အခြားအေဂျင်စီများအနေဖြင့် အရေးပေါ်ကာလတွင် ကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ချဲ့ထွင်ရန်အတွက် ရန်ပုံငွေအမျိုးမျိုးကို လျှောက်ထားနိုင်ပါသည်။ လျှောက်ထားခြင်းကို ဦးဆောင်နိုင်သည့်အဖွဲ့များမှာ OCHA၊ သို့မဟုတ် ဒုက္ခသည်ကူညီရေးလုပ်ငန်းများအတွက် UNHCR၊ ဒေသအဆင့်၊ နိုင်ငံအဆင့်တွင် အစုအဖွဲ့များဖြစ်သည်။ အစုအဖွဲ့ဦးဆောင်အေဂျင်စီ၏ တာဝန်များမှာ စခန်းစီမံခန့်ခွဲမှု ဝန်ဆောင်မှု များ ပိုမိုလွှမ်းခြုံလာနိုင်ရန်၊ အလှူရှင်များက တိုက်ရိုက်ရန်ပုံငွေ လျှောက်ထားစေလိုပါက မိတ်ဖက်အဖွဲ့အစည်းများအား ပံ့ပိုးပေးခြင်း၊ အချိန်မီ လျှောက်ထားနိုင်ရန် ညှိနှိုင်းပေးခြင်း၊ စခန်းစီမံခန့်ခွဲမှု အေဂျင်စီမှ ရန်ပုံငွေ လွယ်ကူစွာ ရရှိနိုင်ရန် ရှင်းပြတိုက်တွန်းပေးခြင်း တို့ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှု အရေးကိစ္စများတွင် ကြိုတင်စုစည်းထားသော ရန်ပုံငွေသုံးမျိုးကို OCHA မှတဆင့် လျှောက်ထားနိုင်ပါသည်။ ၎င်းတို့မှာ လူသားချင်းစာနာထောက်ထားမှု အထွေထွေ ရန်ပုံငွေ (CHFS)၊ ဗဟို အရေးပေါ်အတွက် တုံ့ပြန်ဆောင်ရွက်ရန် ရန်ပုံငွေ (CERF) နှင့် အရေးပေါ်အတွက် တုံ့ပြန်ဆောင်ရွက်ရန် ရန်ပုံငွေများ (ERFS) တို့ဖြစ်သည်။ ၎င်းတို့ကို အစားအသောက်၊ ရေ၊ နေထိုင်စရာ၊ အသက်ကယ်ဆယ်ရေး၊ အာဟာရ နှင့် ကျန်းမာရေးစောင့်ရှောက်မှု တို့အတွက် အသုံးပြုနိုင်သည်။

### စခန်းစီမံခန့်ခွဲမှု အေဂျင်စီအတွက် ဆန်းစစ်ရန် လုပ်ငန်းစာရင်း

- ✔ စခန်းတွင် တုံ့ပြန်ဆောင်ရွက်ပေးနေကြသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး ဖြစ်မြောက် စေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၌ အများလေးစား၍ တရားဝင်ဖြစ်ကာ ထိရောက်သည့် ခေါင်းဆောင်မှု ရှိသည်။
- ✔ ညှိနှိုင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများမှာ ရှင်းလင်းပြီး အားလုံး သိထားစေရမည်။

- ✔ အရေးပေါ်အတွက် တုံ့ပြန်ဆောင်ရွက်မှုကို လုပ်ငန်းဆောင်ရွက်စွမ်းရှိပါက နိုင်ငံ၏ စီမံအုပ်ချုပ်ရေးစနစ်က ဆောင် ရွက်ရန်ဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှုအဖွဲ့များအနေဖြင့် လိုအပ်သော စွမ်းဆောင်ရည် မြှင့်တင်ရေးကို ပံ့ပိုးပေးသည်။
- ✔ နိုင်ငံအာဏာပိုင်အဖွဲ့အစည်းဖြစ်သော စခန်းစီမံအုပ်ချုပ်ရေးသည် ပေါင်းစပ်ညှိနှိုင်းရေးတွင် အဓိကတာဝန်ရှိပြီး သက်ဆိုင်ရာဖိုရမ်တိုင်းတွင် ပါဝင်သည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သို့မဟုတ် စခန်းညှိနှိုင်းဆောင်ရွက်ရေးအေဂျင်စီ အနေနှင့် မည်သည့်အဖွဲ့အစည်းက တာဂန်ယူသည်ဖြစ်စေ အဓိက အခန်းကဏ္ဍနှင့် တာဂန်ဂတ္တရားများမှာ တုန့်ပြန်ဆောင်ရွက်မှုများအတွက် အချင်း ချင်း ဖြည့်ဆည်း အားဖြည့်ပေးကြရန်ဖြစ်သည်။
- ✔ စခန်းနှင့် ဆက်နွယ်သော ပါဂင်ပတ်သက်သူအားလုံးကို ဖေါ်ထုတ်ပြုစုထားသည်။
- ✔ ပါဂင်ပတ်သက်သူအားလုံးသည် ညှိနှိုင်းဆောင်ရွက်မှု ပြုလုပ်မည့်နေရာ၊ အချိန်နှင့် မည်သူတို့ ပါဂင်မည်ကို သိကြ သည်။
- ✔ သဘောတူညီထားသော ညှိနှိုင်းဆောင်ရွက်ရေးနည်းလမ်းများဖြစ်သည့် အစည်းအဝေးများ၊ ညှိနှိုင်းအစည်းအဂေး အတွက် လုပ်ဆောင်ရမည့်စာရင်း၊ ဆောင်ရွက်မည့်သူ အလုပ်နှင့် နေရာ၊ SMART၊ အစည်းအဂေးမှတ်တမ်းပုံစံ
- ✔ စခန်းလူထု၏ လိုအပ်ချက်၊ ဝန်ဆောင်မှုများနှင့် ဘဂအခြေအနေတို့နှင့် ပတ်သက်၍ လတ်တလော ဆန်းစစ်မှု၊ တွေ့ရှိမှု၊ ဆောင်ရွက်မှုဆိုင်ရာ ဆီလျော်သော သတင်းအချက်အလက်များကို စီမံခန့်ခွဲမှုအေဂျင်စီမှ အချိန်မရွေး ပေးနိုင်၊ အသုံးပြုနိုင်သည်။
- ✔ အားလုံးပါဝင်ပြီး မိတ်ဖက်ဖွဲ့မှုအပေါ် ပွင့်လင်းမြင်သာသော စိတ်နေသဘောထား ရှိသည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကွဲပြားခြားနားမှုအပေါ် လေးစားခြင်းအား ထိန်းသိမ်းအားပေးသည်။
- ✔ သက်ဆိုင်သူအားလုံး ကောင်းစွာ ပါဝင်ကြသည်။ စခန်းရှိ ဘေးအန္တရာယ် ထိခိုက်လွယ်သောသူများနှင့် သီးခြား လိုအပ်ချက်ရှိသူများ အပါအဂင် စခန်းလူထုကို ကိုယ်စားပြုသူများ ပါဂင်သည်။
- ✔ နိုင်ငံသားနှင့် နိုင်ငံခြားသားများပါဝင်သော ဖိုရမ်များ၌ ဘာသာပြန်သူများ ထားရှိပေးသည်။
- ✔ လုပ်ငန်းကဏ္ဍ၊ တာဝန်ယူမှုနှင့် တာဝန်ဝတ္တရားများသည် သဘောတူညီထားပြီး ရှင်းလင်းစွာနားလည် ထားကြ သည်။
- ✔ ဝန်ဆောင်မှုများအား ဆန်းစစ်ခြင်းကို သဘောတူထားသော အချိန်အတိုင်း အမြဲ ပြုလုပ်ကာ ကဏ္ဍအားလုံး အတွက် သဘောတူထားသော အညွှန်းကိန်းများကို အသုံးပြုသည်။
- ✔ တိုင်တန်းခြင်းနှင့် တုံ့ပြန်မှုစနစ်တို့ကို အားလုံးသိအောင် ကြော်ငြာထားသည် သာမကပဲ စခန်းရှိသူ အားလုံးနှင့် သက်ဆိုင်သူအားလုံးကို ရှင်းပြထားရမည်။
- ✔ ပုံမှန်ညှိနှိုင်းအစည်းအဝေးကို အထောက်အကူပြုသော ညှိနှိုင်းအစည်းအဝေးငယ်များသည် အမျိုးအစား ကွဲပြား၍ ကောင်းစွာစီစဉ်ထားကာ ရည်ရွယ်ချက်နှင့် ဆီလျော်ပြီး ကိုက်ညီမှုရှိသည်။
- ✔ စခန်းကော်မတီများ ဥပမာ- အမျိုးသမီး၊ လူငယ်၊ သက်ရွယ်ကြီးသူ၊ မသန်စွမ်းသူများ၊ ရေနှင့် သန့်ရှင်းရေး၊ အစားအသောက်ဖြန့်ဖြူးရေးကို ဖွဲ့စည်းထားသည်။
- ✔ ကော်မတီကိုယ်စားလှယ်များသည် ဖြစ်နိုင်သည့်အခါတိုင်း ညှိနှိုင်းဆောင်ရွက်ရေး ဖိုရမ်များ၌ ပါဝင်ကြသည်။

## အသုံးပြုရန် နည်းလမ်းအထောက်အကူများ

**အသုံးပြုရန် နည်းလမ်းအထောက်အကူများနှင့် ရည်ညွှန်းစာအုပ်စာတမ်းများ**

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်း များအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၄င်း၊ www.cmtoolkit.org ဂက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။

2007. S.M.A.R.T. Goals Handout

– Emergency Capacity Building Project, 2006. Checklist 'How accountable are you။ Checking Public Information', The Good Enough Guide

– Global Humanitarian Platform, 2007. Principals of Partnership

– Government of Dominican Republic, 2012. Organization of the National System of Prevention, Mitigation and Response to Natural Disasters in Dominican Republic
– Norwegian Refugee Council (NRC) Liberia, 2012. Meeting Minutes Tracking Form
– NRC Liberia, 2013. 3W (Who does What Where)
– Training Tool. The Five Factor Coordination Analysis
– UN Refugee Agency (UNHCR), 2003. Coordination Meeting Action List

## ရည်ညွှန်းစာအုပ်စာတမ်းများ

-2009. All In Diary. A practical Tool for Field Based Humanitarian Workers
– American Library Association. Making the Meeting: Resources for Conducting effective Meetings
– Oliver Bakewell, 2003. Community Services in Refugee Aid Programs: The Challenges of Expectations, Principles and Practices
– Nan Buzard, 2000. Information-sharing and Coordination among NGOs Working in the Refugee Camps of Ngara and Kibondo, Tanzania, 1994-1998
– Pierro Calvi-Parisetti and Donato Kinnigler-Passigli, ILO, 2002. Coordination in Crisis Response and Reconstruction
– Paul Currion and Kerren Hedlun, ICVA. Strength in Numbers: A Review of NGO Coordination in the Field
– Development Initiatives, Global Humanitarian Assistance, 2011. Central Emergency Response Fund (CERF)
– Emergency Capacity Building Project/Building Trust Working Group, 2007. Building Trust in Diverse Teams: The Toolkit for Emergency Response.
– Global Humanitarian Platform, 2007. Principles of Partnership
– Vanessa Humphries, 2013. Improving Humanitarian Coordination: Common Challenges and Lessons Learned from the Cluster Approach
– Inter Agency Standing Committee (IASC), 2002. Growing the Sheltering Tree: Protecting Rights through Humanitarian Action
– IASC, 2007. Cross Cluster Coordination. Key Things to Know
– IASC, 2013. Reference Module for Cluster Coordination at the Country Level
– International Organization for Migration (IOM) and UNHCR, 2012. Collective Centre Guideline
– Office for the Coordination of Human Affairs (OCHA), ODI, 2001. Humanitarian Coordination: Lessons Learnt from Recent Experiences
– People in Aid, 2003. Code of Good Practice in the Management and Support of Aid Personal
– UNHCR, 2003. Coordination, Emergency Preparedness Competencies
– UNHCR, 2006. IDP Camp Coordination and Camp Management, A Framework for UNHCR Offices
– UNHCR, 2007. Handbook for Emergencies (third edition)
– United Nations Disaster Assessment and Coordination, 2006. Handbook
– Carsten Voelz. Humanitarian Coordination in Indonesia. An NGO Viewpoint. Forced Migration Review
– Jenty Wood, 2004. Improving NGO Coordination: Lessons from the Bam Earthquake